ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့ (4-3-2013) (၇၄၁၄)

အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မတ် ၃

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသ တိုင်းထွာချက်များအရ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မတ် ၄ ရက်မှ ၇ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

ထူးခြားသည့်နေ့အပူချိန်များ (၃-၃-၂၀၁၃)

ချောက်
၄၂ ဒီဂရီစင်တီဂရိတ်

ဘောလခဲ
၄၂ ဒီဂရီစင်တီဂရိတ်

တောင်တွင်းကြီး
၄၁ ဒီဂရီစင်တီဂရိတ်

မြန်မာနိုင်ငံတွင် သဘာဝတွင်းထွက်သယံဇာတများ ကြွယ်ဝသော်လည်း စနစ်တကျလေ့လာသုံးသပ်ပြုစုထားခဲ့ခြင်းမရှိ
သယံဇာတကြွယ်ဝမှုအခြေအနေကို သိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖင်လန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံရှိ Geological Survey of Finland သို့ သွားရောက်လေ့လာစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့ရှိ Vuosaari ဆိပ်ကမ်းကို သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား Vuosaari ဆိပ်ကမ်းမှ ဒါရိုက်တာ Mr.Jukka Kallio က ဆိပ်ကမ်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့မှု၊ မြို့တွင်းရှိ West Harbour နှင့် North Harbour တို့ကို မြို့ပြသစ်စီမံကိန်းအတွက်ဖျက်သိမ်းခဲ့ပြီး ယခုဆိပ်ကမ်းကို တည်ဆောက်ခဲ့မှု၊ တည်ဆောက်ရာတွင် ဆိပ်ကမ်းအနီးဝန်းကျင်ရှိ သဘာဝကျေးငှက်များနေထိုင်သည့် ဘေးမဲ့ဇုန်ကိုမထိခိုက်အောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများဖြင့် လုပ်ဆောင်ခဲ့မှု၊ သင်္ဘောဆိပ်ကမ်းနှင့် Business Park ကို ဆက်စပ်တည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင်ရေနက်ဆိပ်ကမ်းသုံးခု ဆောက်လုပ်ရန် စီမံဆောင်ရွက်နေပါကြောင်း၊ ယင်းဆိပ်ကမ်းများတွင် ကုန်ပစ္စည်းတင်ချမှုလုပ်ငန်းများ ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ဖင်လန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားခဲ့ပြီး ဆိပ်ကမ်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Geological Survey of Finland သို့ သွားရောက်လေ့လာရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Mr. Elias Ekdahl က Geological Survey မှာ ၁၈၈၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဖင်လန်နိုင်ငံ၌ တွင်းထွက်သယံဇာတ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်မထိခိုက်စေဘဲ ထုတ်လုပ်နိုင်သည့် Green Mining နည်းပညာများကို လေ့လာဆောင်ရွက်လျက်ရှိပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

တနင်္သာရီတိုင်းဒေသကြီးအတွင်းက နယ်စပ်ထွက်ပေါက် (သို့) ကုန်သွယ်မှုပမာဏတိုးမြှင့်ပေးမည့် မောတောင်ဒေသ

ညွန့်ဝေမောင် (ငါးလုပ်ငန်း)

ယခင်က ငြိမ်းချမ်းမှုမရှိ၍ ၎င်းဒေသသို့ သွားလာရန် ခက်လှသည်။ ယခု ဒေသငြိမ်းချမ်းပြီး ဒေသခံပြည်သူတို့ စီးပွားရေးအခွင့်အလမ်း၊ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်အောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ရာ မြိတ်မြို့မှ မောတောင်ဒေသသို့ ဥဒဟိုဝင်ထွက်သွားလာနိုင်တော့မည်ဖြစ်သည်။

နယ်မြေအေးချမ်းလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးများတိုးတက်ကောင်းမွန်လာခဲ့ပြီ ဖြစ်သည်။ ပြီးခဲ့သည့်လက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းကို သွားရောက်ကြည့်ရှုခဲ့ကြသည်။ မောတောင်အစည်းအဝေးခန်းမတွင် ဝန်ကြီးချုပ်က မောတောင်တွင် နယ်စပ်ကုန်သွယ်ရေးဂိတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ယခင် လုံခြုံရေးအရ သွားလာရေး မလွယ်ကူခဲ့သည့်အတွက် အုပ်ချုပ်မှုကို ဌာနဆိုင်ရာများ မလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ငြိမ်းချမ်းလာပြီဖြစ်၍ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများစတင်လိုက်ပါက မမျှော်မှန်းနိုင်လောက်အောင် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ ဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံတွင် အုပ်ချုပ်မှုကောင်းမွန်သကဲ့သို့ မိမိနိုင်ငံဘက် မောတောင်ဒေသတွင်လည်း အုပ်ချုပ်မှုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရကိုတင်ပြပြီး ခွင့်ပြုချက်ရသည်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

တနင်္သာရီတိုင်းဒေသကြီးအတွင်းက နယ်စပ်ထွက်ပေါက် (သို့) ကုန်သွယ်မှုပမာဏတိုးမြှင့်ပေးမည့် မောတောင်ဒေသ နယ်စပ်ဂိတ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-စတားဇော်လတ်)

GREEN (MYANMAR) CONSTRUCTION GROUP
HOT LINE 09 508 3773
▪ အခန်းပေး အခန်းယူစနစ်ဖြင့် အဆောက်အဦးများ တည်ဆောက်ပေးခြင်း ၊
▪ အဆင့်မြင့် CONDOMINIUM များ တည် ဆောက်ပေးခြင်း ၊
▪ ပုတ်ပြတ် (P.A.E) စနစ်ဖြင့် လုံးချင်း နှင့် အထပ်နိမ့်၊ အထပ်မြင့် အဆောက်အဦးများ တည်ဆောက်ခြင်း ၊
▪ ပုတ်ပြတ် (P.A.E) စနစ်ဖြင့် စာသင်ကျောင်းများ၊ စက်ရုံ နှင့် ဂိုထောင်များ တည်ဆောက်ခြင်း ။
No.34, Bagan St, Aung Zeya City, Kyansitthar Rd, Hlaing Thar Yar, Yangon, Myanmar.

ကြေးမုံ စာတည်းရှုထောင့် ၄-၃-၂၀၁၃ (တနင်္လာနေ့)

အမှားကိုမြင်၍ အမှန်ပြင်

လောကတွင် အမှန်နှင့်အမှား၊ သုစရိုက်နှင့် ဒုစရိုက်၊ ဓမ္မနှင့် အဓမ္မတို့သည် မလွဲမသွေကြုံတွေ့ရတတ်သည့် ဓမ္မတာတရားပင်ဖြစ်သည်။ ဆင်ခြင်တုံတရားရှိသောသူတို့ကား အမှန်နှင့်အမှား၊ ကောင်းမှုနှင့် မကောင်းမှု၊ တရားမှုနှင့် မတရားမှုတို့ကို ဝေဖန်ပိုင်းခြားသိမြင်တတ်ကြပါသည်။ လူလိမ္မာပညာရှိတို့ကား ယင်းတို့ကို သိမြင်ရုံသာမက အမှားကို ဝန်ခံတတ်ခြင်း၊ ကောင်းမှုကို ပြုပြင်ခြင်းနှင့် တရားမှုကို မြတ်နိုးခုံမင်တတ်ခြင်းပင်ဖြစ်သည်။

လူတို့၏သဘာဝကား ထူးဆန်းလှပါသည်။ မှားမှန်းသိသော်လည်း ယင်းအမှားကို ဝန်မခံရဲတတ်ပေ။ မိမိ၏ အမှုအလုပ်သည် မတရားသဖြင့် ပြုလုပ်ထားသော်လည်း ကောင်းမှုသဖွယ် မြိန်ရေရှက်ရေရှိခြင်း၊ မတရားမှုကို ပြုမူဆောင်ရွက်ဆုံးဖြတ်လိုက်သော်လည်း တရားသကဲ့သို့ တည်ကြည်ခန့်ညားစွာ နေထိုင်တတ်ခြင်းပင်ဖြစ်သည်။ စင်စစ် ယင်းတို့သည် မိမိတို့လုပ်သမျှ အမှန်ဟု ထင်နေကြသူများ၊ မိမိတို့၏ အတ္တနောမတိများ မချနိုင်သေးသူများပင် ဖြစ်ပါလိမ့်မည်။

"မမှားသောရှေ့နေ မသေသောဆေးသမား"ဆိုသကဲ့သို့ အလုပ်လုပ်သူတိုင်း အမှားနှင့် မကင်းနိုင်ကြပါ။ ရံဖန်ရံခါတွင် မိမိပြုမူလိုက်သည့် အမှားကိုပင် မှားမှန်းမသိ အမှန်ဟုသာ ထင်နေရာမှ အကြောင်းခြင်းရာများနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်လိုက်ရမှ မှားမှန်းသိနိုင်သည်လည်း ရှိတတ်၏။ အရေးအကြီးဆုံးမှာ အမှားကို မှားမှန်းသိလိုက်သည့် အချိန်တွင် ယင်းအမှားကို အမြန်ဆုံးပြင်ဆင်နိုင်လိုက်ဖို့ပင်ဖြစ်သည်။ မှားမှန်းသိ၍ အမှားကို ဝန်ခံလိုက်ရခြင်းသည် သေးဖွဲသိမ်နုပ်သည့် အမှုအလုပ်မဟုတ်။ စင်စစ် ထိုသူများသည် စိတ်သတ္တိမြင့်မားသူများသာ ဖြစ်ကြပါသည်။

မှားမှန်းသိလျက် အမှန်ကို ဝန်မခံရဲခြင်း၊ တရားမျှတမှု ကင်းမဲ့စွာ ဆုံးဖြတ်လိုက်သည့်အပေါ်တွင်လည်းကောင်း၊ ကောင်းမှုကို ဖီလာပြု၍သော်လည်းကောင်း ပြုမူလိုက်မိခြင်းအပေါ် ဝန်ခံစိတ်မရှိခြင်း၊ ပြုပြင်ပြောင်းလဲလိုစိတ်မရှိခြင်းသည် စိတ်သတ္တိနည်းသူများပင်ဖြစ်ပါသည်။

မကြာသေးမီကပင် မြန်မာ့ဘောလုံးလောကမှ အဖြစ်အပျက်တစ်ခုကို သံဝေဂရဖွယ် ဖတ်ရှုရပါသည်။ တစ်ဦးနှင့်တစ်ဦး အမြင်သဘောထား မတူညီမှုအပေါ် အကောက်အယူလွဲမှားသွားခြင်းပင် ဖြစ်နိုင်ပါသည်။ လူမျိုးခြားဘာသာစကားနှင့် ဆက်ဆံပြောဆိုရာတွင် သတိပြုရန် လိုအပ်ချက်ရှိနေခြင်းပင်။ ဘာသာစကားအယူအဆ၊ ကောက်ချက်ချမှု၊ အဓိပ္ပာယ်ဖလှယ်မှုတို့တွင် မလိုလားအပ်သည့်သဘောများ သက်ရောက်သွားခြင်းဖြင့် အထင်အမြင်လွဲမှားသွားနိုင်ခြင်းပင်ဖြစ်သည်။

သို့သော် မှားသည်ကို မှားမှန်း အချိန်မီသိသည်။ မှားမိသည့် ဝန်တာအတွက် အသင်းကဖြစ်စေ၊ မိသားစုက ဖြစ်စေ၊ နိုင်ငံကပင်ဖြစ်စေ ပေးအပ်သည့် ပြစ်ဒဏ်ကို မမှိတ်မသုန်ခံယူပါမည်ဟူသော ကာယကံရှင်၏ စိတ်ဓာတ်သည် ရဲရင့်ပြတ်သားပါသည်။ ဂုဏ်ယူလေးစားလောက်ပါသည်။

လောကတွင် ပြောမှား၊ ဆိုမှား၊ လုပ်မှား ကိုင်မှားများ ရှိတတ်ပါသည်။ မကောင်းသောစိတ်ဖြင့် မှားကြခြင်းမဟုတ်။ စေတနာအမှားသာ ဖြစ်ကြမည်ဆိုလျှင် နိုင်ငံတော်သမ္မတကိုယ်တိုင်က နိုင်ငံအခြေပြုမိန့်ခွန်းတွင် "အလုပ်ကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားလုပ်ကြဖို့၊ စေတနာဖြင့်မှားသည့် လုပ်မှားကိုင်မှားဆိုလျှင် ခွင့်လွှတ်နိုင်ကြောင်း" အတိအလင်း မိန့်ကြားခဲ့ဖူးပါသည်။

နိုင်ငံ့အကျိုး၊ အသင်းအကျိုးပျက်စီးစေလိုစိတ်မရှိခြင်းသည် မွန်မြတ်သော စိတ်ဓာတ်ဖြစ်ပါသည်။ အသင်းအတွက် စိုးရိမ်စိတ်ဖြင့်၊ ပိုမိုအောင်မြင်စေလိုသည့်စိတ်ဖြင့် ပြုမူပြောဆိုခဲ့ခြင်းသည် စေတနာစကားသာ ဖြစ်ပါလိမ့်မည်။ မှားခဲ့လျှင်လည်း စေတနာအမှားသာ ဖြစ်ပါလိမ့်မည်။ စေတနာအမှား မှားခဲ့သူကို အမှားတစ်ခုအတွက် တစ်ဘဝစာ ပေးဆပ်ရန် မသင့်။ မိမိကျွမ်းကျင်လိမ္မာသည့် အဝန်းအဝိုင်းတစ်ခုအတွင်း လက်မခံနိုင်စရာလည်း ရှိနိုင်လိမ့်မည်မဟုတ်ဟု ရိုးသားစွာ ထင်မြင်ယူဆမိပါသည်။ ။

ရှမ်းပြည်နယ်အတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့်အခြေအနေအား သွားရောက်လေ့လာ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများ လျှော့နည်း ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘိန်းစိုက်ပျိုးမှု လျှော့နည်း ပပျောက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများကို မူးယစ်ဗဟိုအဖွဲ့မှ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများအား ထိရောက်အောင်မြင်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) ရုံးချုပ်မှ စဉ်ဆက်မပြတ် လူမှုဘဝမြှင့်တင်ရေးဌာန အဖွဲ့ခေါင်းဆောင် Mr. Jarge Eduardo Rios ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှစ်ဦးသည် ရှမ်းပြည်နယ်အတွင်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ သွားရောက်ပြီး မိုးနဲနှင့် မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် စီမံကိန်းအခြေအနေများကို မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) အဖွဲ့များ၊ ဒေသခံကျေးရွာလူထုများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘိန်းစိုက်တောင်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘိန်းစိုက်ပျိုးရခြင်း၏ အဓိကအကြောင်းအရင်း အခက်အခဲများအား တွေ့ဆုံမေးမြန်းခြင်းတို့ ပြုလုပ်ခဲ့သည်။

အလားတူ လူဇင်ဘတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Martine Schommer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့လေးဦး၊ UNODC ရုံးချုပ်မှ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း ကျွမ်းကျင်သူနှစ်ဦးတို့သည် မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီးမြင့်အောင်၊ UNODC ရုံးမှ Country Manager Mr. Jason Eligh တို့နှင့်အတူ ဖေဖော်ဝါရီ ၂၁ မှ ၂၂ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ်အတွင်း မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာရန် ဟိုပုံးမြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာများဖြစ်သည့် စအွန်ကျေးရွာ၊ စံငေါ်ကျေးရွာ၊ နောင်စုံကျေးရွာနှင့် ဗန်းစောက်ကျေးရွာများသို့ သွားရောက်၍ ဒေသခံတောင်သူများ၏ စားဝတ်နေရေး အခြေအနေများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေအနေများ၊ ဘိန်းစိုက်ပျိုးရခြင်းမှ ရရှိလာသည့် ဆိုးကျိုးများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် လူဇင်ဘတ်နိုင်ငံမှ ကိုယ်စားလှယ်လေးဦးနှင့် UNODC မှ ကိုယ်စားလှယ်သုံးဦးတို့သည် ဟဲဟိုးမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားပြီး ယင်းနေ့ညနေတွင် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြောင်း၊ လူဇင်ဘတ်နိုင်ငံသည် ဥရောပအဖွဲ့ဝင် (EU) နိုင်ငံမှ အလှူရှင်နိုင်ငံဖြစ်ပြီး မူးယစ်ဗဟိုနှင့် UNODC တို့မှ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တိုင်မှာ ရပ်ပါ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်စေရန် နိုင်ငံတော်အစိုးရတွင်သာ တာဝန်ရှိသည် မဟုတ်ဘဲ နိုင်ငံသားတိုင်းတွင်လည်းကိုယ်စီကိုယ်စီတာဝန်ရှိပါသည်။ ယနေ့အချိန်အခါတွင် မော်တော်ယာဉ်များ များပြားလာသကဲ့သို့ လမ်းအသုံးပြုသူများကလည်း စည်းကမ်းတကျရှိရန် လိုအပ်ပါသည်။ ပုံတွင် မြင်ရသည်မှာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် လဟာပြင်ဈေးရှေ့ သီရိလမ်းမကြီးထိပ်တွင် မော်တော်ယာဉ်ရပ်နားရန် သတ်မှတ်ထားသောနေရာမဟုတ်ဘဲ ခရီးသည်အတင်အချ ပြုလုပ်နေသော မထသ (၄၈) အထူးလိုင်းမှ ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။ **(အောက်ပုံ)** **(မြင့်)**

လူကုန်ကူးအထူး(မော်လမြိုင်)မှ အသိပညာပေးဇာတ်လမ်းခွေများပြသ

နေပြည်တော် မတ် ၃

(၆၆)ကြိမ်မြောက် မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနားကို ဖေဖော်ဝါရီ (၂၆)ရက်တွင် မွန်ပြည်နယ် ပေါင်မြို့ မြို့သစ်ဘောလုံးကွင်း၌ကျင်းပရာ မွန်အမျိုးသားနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတဖြေဖျော်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ဒေသခံပြည်သူများအား လူကုန်ကူး အထူး(မော်လမြိုင်)မှ ရဲအုပ်သန်းဌေးဝင်းနှင့် ပေါင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်ကျော်ဦးတို့ ပူးပေါင်းအဖွဲ့က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဗီဒီယိုဇာတ်လမ်းများဖြစ်သည့် ထာဝရမီးအိမ်နှင့် ENSLAVED (MTV Eixt) ခွေတို့ကို ညပိုင်းတွင် ပြသခဲ့သည်။

ထို့အပြင် လူကုန်ကူးအထူး(မော်လမြိုင်)အဖွဲ့ကလည်း လာရောက်ကြည့်ရှုသူပရိသတ်များအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Laurel (ရုပ်ရှင်အနုပညာသင်ကျောင်း)
Art Academy
➢ အပတ်စဉ်(၄)သရုပ်ဆောင်သင်တန်း ကျောင်းအပ်လက်ခံနေပါပြီ
➢ နွေရာသီ ဒါရိုက်တာ(သီးသန့်)သင်တန်း လက်ခံနေပါပြီ
➢ နွေရာသီ ကလေးသရုပ်ဆောင်သင်တန်း ဖွင့်ပါပြီ
➢ နွေရာသီ ဂစ်တာသင်တန်း လက်ခံနေပါပြီ
➢ နွေရာသီ ပန်းချီသင်တန်း လက်ခံနေပါပြီ
(အခြေခံမှစ၍ သင်ကြားပေးပါမည်) ခဲပန်းချီ၊ရေဆေး၊ ဓော်ဒန်
မြေအမှတ်-၁/၅(စီ)၊ ပုလဲဥယျာဉ်အိမ်ယာ၊ ဆရာစံရပ်ကွက်၊ ပုလဲကွန်ဒိုဝင်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၅၅၆၂၄ ၊ ၅၅၅၉၀၅

ပြည်တွင်းရေးရာ

❋ မြန်မာနိုင်ငံမှ
ဖင်လန်နိုင်ငံတွင် သဘာဝသယံဇာတများတည်ရှိနေမှုမြေပုံကို ပြုစုနေသကဲ့သို့ အခြားနိုင်ငံပေါင်း ၄၀ ကျော်တွင်လည်း သယံဇာတမြေပုံရေးဆွဲရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက Geological Survey သို့ လာရောက်လေ့လာခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝတွင်းထွက် သယံဇာတများ ကြွယ်ဝသော်လည်း စနစ်တကျ လေ့လာသုံးသပ် ပြုစုထားခဲ့ခြင်း မရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု အခြေအနေကို မှန်ကန်စွာသိရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ဖင်လန်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လိုပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဘူမိဗေဒဆိုင်ရာပြခန်းကို လှည့်လည် ကြည့်ရှုလေ့လာပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Mr. Elias Ekdahl က နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတအား ဖင်လန်သမ္မတနိုင်ငံ၌ အခြေချနေထိုင်ကြသော ကယန်း၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်စသည့် မြန်မာတိုင်းရင်းသားမိသားစုများက ခေတ္တတည်းခိုသည့် ဟယ်လ်စင်ကီမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာတိုင်းရင်းသား မိသားစုများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်၍ ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ နိုင်ငံကို တည်ဆောက်နေချိန် ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံသို့ပြန်လာပြီး နိုင်ငံနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မည်သည့်နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ မိမိတို့တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ပြီး မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာတိုင်းရင်းသားများက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းကြရာ နိုင်ငံတော်သမ္မတက အသေးစိတ်ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံရောက် မြန်မာတိုင်းရင်းသားမိသားစုများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟယ်လ်စင်ကီမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်လေ့လာပြီး ကျောက်တုံးများဖြင့် တည်ဆောက်ထားသော Temppeliaukio ဘုရားကျောင်းကိုလည်း သွားရောက် လေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတသည် ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်ဧည့်ဂေဟာ၌ ဟယ်လ်စင်ကီမြို့ရှိ Suomen Kuvalehti အပတ်စဉ်ထုတ် သတင်းစာမှ Ms. Katri Merikallio အား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၃-၂၀၁၃(တနင်္လာနေ့)

၇း၀၃ တရားတော်
၇း၃၅ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၈း၁၀ ဇာတ်လမ်းတို
၄း၂၀ စိုက်ပျိုးသုတ
၄း၄၅ လျှပ်တစ်ပြက်
၄း၅၅ ဗွီစီဒီကျော်ကြားတေး
၅း၀၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဟာသလွင်ပြင်(ဒုတိယတွဲ) (အပိုင်း-၈၂)
၆း၁၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-လူငယ်လေးရဲ့အစိမ်းရောင်ကမ္ဘာ (အပိုင်း-၁၆)
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
-မေးမြန်းစူးစမ်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"We Were Soldier" (အပိုင်း-၃) (ဇာတ်သိမ်း)
-Mini Series

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လ်စင်ကီမြို့ရှိ ကျောက်တုံးများဖြင့် တည်ဆောက်ထားသော Temppeliaukio ဘုရားကျောင်းသို့ သွားရောက်လေ့လာစဉ်။

(သတင်းစဉ်)

အားကစား

ပေါင်းလောင်းရုံမှ ခြိမ့်ခြိမ့်သဲသဲ ပြည်ထောင်စုဖလား အမျိုးသား/အမျိုးသမီး အလေးမပြိုင်ပွဲ

၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစား ပြိုင်ပွဲ၏ အားကစားနည်းအလိုက် ပြိုင်ပွဲများထဲမှ အမျိုးသား/ အမျိုးသမီးအလေးမပြိုင်ပွဲများကို ပေါင်းလောင်း အားကစားရုံ၌ မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ ပွဲစဉ်(၁)အဖြစ် အမျိုးသမီး ၄၈ ကီလိုတန်း၊ ပွဲစဉ်(၂)အဖြစ်

အေမီလွင်(ရှမ်း)၏ ပြိုင်ပွဲဝင်ဟန်။

အမျိုးသား ၅၆ ကီလိုတန်း၊ ပွဲစဉ်(၃)အဖြစ် အမျိုးသမီး ၅၃ ကီလိုတန်း၊ ပွဲစဉ်(၄)အဖြစ် အမျိုးသား ၆၂ ကီလိုတန်း၊ ပွဲစဉ်(၅)အဖြစ် အမျိုးသမီး ၅၈ ကီလိုတန်းနှင့် ၆၃ ကီလိုတန်း၊ ပွဲစဉ်(၆)အဖြစ် အမျိုးသား ၆၉ ကီလိုတန်းနှင့် ၇၇ ကီလိုတန်း၊ ပွဲစဉ်(၇)အဖြစ် အမျိုးသမီး ၆၉ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် (+) ၇၅ ကီလိုတန်းနှင့် ပွဲစဉ် (၈) အဖြစ် အမျိုးသား ၈၅ ကီလိုတန်း၊ ၉၄ ကီလိုတန်း၊ ၁၀၅ ကီလိုတန်းနှင့် (+)၁၀၅ ကီလိုတန်း ပြိုင်ပွဲများကို သတ်မှတ်နေ့အလိုက် ယှဉ်ပြိုင်ခဲ့သည်။

ယင်းအလေးမပြိုင်ပွဲများကို အမြန်မသုံးကြိမ်နှင့် နှစ်ဆင့်မသုံးကြိမ် သတ်မှတ်ယှဉ်ပြိုင်ခဲ့ရာ မတ် ၃ ရက်တွင် ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီး ၆၉ ကီလိုတန်းတွင် လဲ့လဲ့ဝင်း(မကွေး)က အမြန်မစံချိန် ကီလို ၉၀၊ နှစ်ဆင့်မစံချိန် ၁၁၂ စုစုပေါင်း စံချိန် ၂၀၂ ဖြင့် ပထမ၊ ဆွေလဲ့မွန်(ကချင်)က အမြန်မစံချိန် ၈၀၊ နှစ်ဆင့်မစံချိန် ၉၈ စုစုပေါင်း ၁၇၈ ဖြင့် ဒုတိယ၊ ဝါဝါလှိုင်(ရန်ကုန်)က အမြန်မစံချိန် ၆၀၊ နှစ်ဆင့်မစံချိန် ကီလို ၈၀ စုစုပေါင်း ၁၄၀ ကီလို တတိယဖြင့် အသီးသီးရရှိခဲ့သည်။

အမျိုးသမီး ၇၅ ကီလိုတန်းတွင် အေမီလွင်(ရှမ်း)က အမြန်မစံချိန် ၈၁ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၂ ကီလို စုစုပေါင်း ၁၈၃ ကီလိုဖြင့် ပထမရရှိခဲ့ပြီး နော်ဖောဂေး(ချင်း)က အမြန်မစံချိန် ၅၀၊ နှစ်ဆင့်မစံချိန် ၅၀ စုစုပေါင်းစံချိန် ၁၀၀ ဖြင့် ဒုတိယရရှိခဲ့သည်။

အမျိုးသမီး (+)၇၅ကီလိုတန်းတွင်မူ ချိုချိုဝင်း(ရန်ကုန်)က အမြန်မစံချိန် ၈၅၊ နှစ်ဆင့်မစံချိန် ၁၀၅ စုစုပေါင်း စံချိန် ၁၉၀ ဖြင့်ပထမ၊ ကြည်ပြာစံ(ကချင်)က အမြန်မစံချိန် ၇၀၊ နှစ်ဆင့်မစံချိန် ၁၀၀ စုစုပေါင်းစံချိန် ၁၇၀ ဖြင့် ဒုတိယရရှိခဲ့ပြီး စုစုလွင် (ရခိုင်)က အမြန်မစံချိန် ၄၅၊ နှစ်ဆင့်မစံချိန် ၃၅ စုစုပေါင်းစံချိန် ၈၀ တို့ဖြင့် တတိယရရှိခဲ့သည်။

ပွဲစဉ်(၈)အမျိုးသား အလေးမပြိုင်ပွဲ၏ အမျိုးသား ၈၅ ကီလိုတန်းပြိုင်ပွဲတွင် စသန်းထိုက်ဝင်း(ဧရာဝတီ)က အမြန်မစံချိန် ၁၂၀၊ နှစ်ဆင့်မစံချိန် ၁၅၀ စုစုပေါင်းစံချိန် ၂၇၀ ဖြင့် ပထမ၊ ခွန်သိန်းဆွေ (ရှမ်း)က အမြန်မစံချိန် ၈၅၊ နှစ်ဆင့်မစံချိန် ၁၀၈ စုစုပေါင်းစံချိန် ၁၉၃ ဖြင့် ဒုတိယနှင့် အောင်အောင်(ရခိုင်) က အမြန်မစံချိန် ၈၈၊ နှစ်ဆင့်မစံချိန် ၁၀၅ စုစုပေါင်း စံချိန် ၁၉၃ ဖြင့် တတိယအသီးသီးရရှိခဲ့သည်။

အမျိုးသား (၉၄) ကီလိုတန်းတွင်မူ စောအောင်နိုင် (ရခိုင်)က အမြန်မစံချိန် ၁၂၀၊ နှစ်ဆင့်မစံချိန် ၁၅၅ စုစုပေါင်းစံချိန် ၂၇၅ ဖြင့် ပထမ၊ ဝင်းဆန်းအောင်(ကချင်)က အမြန်မစံချိန် ၉၀၊ နှစ်ဆင့်မစံချိန် ၁၂၀ စုစုပေါင်း စံချိန် ၂၁၀ ဖြင့် ဒုတိယနှင့် စီစီ(ရန်ကုန်)က အမြန်မစံချိန် ၉၀၊ နှစ်ဆင့်မစံချိန် ၁၁၀ စုစုပေါင်း စံချိန် ၂၀၀ ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသား (၁၀၅) ကီလိုတန်းတွင် ကျော်ထွန်းအောင် (မကွေး)က အမြန်မစံချိန် ၁၃၂၊ နှစ်ဆင့်မစံချိန် ၁၅၀ စုစုပေါင်းစံချိန် ၂၈၂ ဖြင့် ပထမရရှိခဲ့ပြီး သန်းထိုက်စိုး(ကချင်)မှာမူ အမြန်မ ၇၀၊ နှစ်ဆင့်မ ၈၅ စုစုပေါင်း စံချိန် ၁၅၅ ဖြင့် ဒုတိယရရှိခဲ့သည်။

အမျိုးသား(+) ၁၀၅ ကီလိုတန်းတွင် ဇော်ထက်အောင် (ရန်ကုန်)က အမြန်မစံချိန် ၉၀၊ နှစ်ဆင့်မစံချိန် ၁၁၅ စုစုပေါင်းစံချိန် ၂၀၅ ဖြင့် ပထမရရှိခဲ့ပြီး မြတ်သန်းအောင် (ချင်း)က အမြန်မစံချိန် ၉၀၊ နှစ်ဆင့်မစံချိန် ၁၀၀ စုစုပေါင်း စံချိန် ၁၉၀ ဖြင့် ဒုတိယအသီးသီးရရှိခဲ့ကြောင်း သိရသည်။

သတင်း - နိုင်လင်းကြည်(ကြေးမုံ) ➢ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ရိုးရာလက်ဝှေ့ (မွေ) ပြိုင်ပွဲ စတင်ကျင်းပ

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ရိုးရာလက်ဝှေ့ (မွေ) ပြိုင်ပွဲကို ယနေ့မှစတင်၍ လေ့ကျင့်ရေးကွင်း(၁)၌ ကျင်းပရာ အမျိုးသားပွဲစဉ် (၁၁)ပွဲနှင့် အမျိုးသမီးပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

အမျိုးသား ၄၅ ကီလိုတန်းတွင် မိုးသီး (ရန်ကုန်)က မျိုးထွန်း(ကရင်)ကိုလည်းကောင်း၊ (၄၈)ကီလိုတန်းတွင် မျိုးမြင့်(ကရင်)က အောင်စည်သူ(ပဲခူး)ကိုလည်းကောင်း၊ (၅၇)ကီလိုတန်းတွင် စောဝီလျံ(ကရင်)က ဆန်းထွန်းဝင်း (ကယား)ကိုလည်းကောင်း၊ မင်းသူ(မကွေး)က လင်းထက်အောင်(ရခိုင်)ကို လည်းကောင်း၊ (၆၀)ကီလိုတန်းတွင် တင်အောင်စိုး(ရခိုင်)က သော်ဇင်ဦး(တနင်္သာရီ)ကိုလည်းကောင်း၊ ကျော်ထူးအောင်(ကယား)က အာကာစိုး (ကရင်)ကိုလည်းကောင်း၊ (၆၃)ကီလိုတန်းတွင် စိုးလင်းဦး (ရန်ကုန်)က ပြည့်စုံအောင် (တနင်္သာရီ)ကိုလည်းကောင်း၊ (၆၇) ကီလိုတန်းတွင် မင်းဌေးစံ (ကရင်)က မင်းနိုင်(ရခိုင်) ကိုလည်းကောင်း၊ မောင်တူး(မကွေး)က စောပကရေမှူး (တနင်္သာရီ)ကိုလည်းကောင်း၊ (၇၁)ကီလိုတန်းတွင် ထွန်းထွန်းမင်း(မွန်)က စောအောင်ပွင့်(ကရင်)ကိုလည်းကောင်း၊ ရန်ကြီးအောင် (ရန်ကုန်)က ငြိမ်းချမ်း(ရခိုင်)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး အမျိုးသမီး ၄၈ ကီလိုတန်းတွင် ရွှေစင်ဝင့်ဝါ (တနင်္သာရီ)က စီစီ (ကယား)ကိုလည်းကောင်း၊ ၅၁ ကီလိုတန်းတွင် နှင်းအိဆွေ (တနင်္သာရီ)က ချောစုထွေး (ကယား)ကို လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ဂရေ့စ် (မွန်)က နန်းခင်စိုး(မကွေး) ကို လည်းကောင်း၊ ချိုမာထွေး (တနင်္သာရီ)က နေခြည်ထွေး (ကယား)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၄၈ ကီလိုတန်းတွင် ယှဉ်ပြိုင်ခဲ့သည့် ရွှေစင်ဝင့်ဝါ (တနင်္သာရီ)က ပြိုင်ဘက်ကို လက်ရည်အသာဖြင့် ထိုးသတ်ခဲ့ပြီး အပေါ်စီးမှ ကစားသွားခဲ့သည်။ ၅၁ ကီလိုတန်းမှ နှင်းအိဆွေ (တနင်္သာရီ)နှင့် ချောစုထွေး (ကယား) တို့ပွဲစဉ်၌ ပထမအချီ၌ နှင်းအိဆွေက ဖိထိုးနိုင်ခဲ့ကာ ဒုတိယအချီတွင် ချောစုထွေးက ပြန်လည် အသာရခဲ့သည်။ နောက်ဆုံးအချီတွင် နှင်းအိဆွေက တရစပ်ထိုးသတ်ခဲ့ပြီး ထိချက်များ ကောင်းမွန်ခဲ့သည်။

အမျိုးသား ၅၇ ကီလိုတန်းမှ စောဝီလျံ (ကရင်)နှင့် ဆန်းထွန်းဝင်း (ကယား)တို့ပွဲစဉ်မှာ လက်ရည်မမျှဘဲ ပထမအချီ၌ စောဝီလျံ၏ ထိုးချက်ကိုမခံနိုင်ဘဲ အမှတ်စဉ်ရေတွက်ခံခဲ့ရပြီး ဆန်းထွန်းဝင်း ရှုံးနိမ့်ခဲ့သည်။ မင်းသူ (မကွေး) နှင့် လင်းထက်အောင် (ရခိုင်)တို့ပွဲစဉ်မှာ ကြည့်ကောင်းခဲ့ပြီး အကြိတ်အနယ်ရှိခဲ့သည်။ အနိုင်ရသွားသည့် မင်းသူမှာ ပြိုင်ဘက်၏ထိုးချက်များကြောင့် နှာခေါင်းမှ သွေးထွက်ခဲ့သော်လည်း ထိုးချက်၊ ကန်ချက်များဖြင့် ပြန်လည်ထိုးသတ် အနိုင်ယူသွားခဲ့သည်။ မတ် ၄ ရက် မွန်းလွဲပိုင်းတွင် အမျိုးသားပွဲစဉ် ၁၀ပွဲနှင့် အမျိုးသမီးပွဲစဉ် သုံးပွဲယှဉ်ပြိုင် ထိုးသတ်ကြမည် ဖြစ်သည်။ **(ကိုကိုစိုးညွန့်)**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဝူရှူး (ဆန်းဆို)ပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပ

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဝူရှူး (ဆန်းဆို) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို လယ်ဝေးအားကစား လေ့ကျင့်ရေးစခန်း(၂)ရှိ ဝူရှူးအားကစားလေ့ကျင့်ရေးခန်းမ၌ မတ် ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီး ဆန်းဆို ဗိုလ်လုပွဲများ ကျင်းပရာ ၄၈ ကီလိုတန်းတွင် လှလှဝင်း(မန္တလေး)က ပထမ၊ နော်မာထွန်း(ရှမ်း)က ဒုတိယ၊ ဝါဆိုခိုင်(ဧရာဝတီ)နှင့် မြတ်မြတ်မင်း(ဧရာဝတီ)တို့က ပူးတွဲတတိယရရှိသည်။ ၅၂ ကီလိုတန်း ပြိုင်ပွဲတွင် ဆုလှိုင်ဦး(မန္တလေး)က ပထမ၊ ဆုမြတ်လှိုင် (ဧရာဝတီ)က ဒုတိယ၊ မေဝင်းခွန် (မွန်)က တတိယရရှိပြီး ၆၀ ကီလိုတန်းတွင် ခိုင်ခင်ဦး(ဧရာဝတီ)က ပထမ၊ မူမူထွေး (တနင်္သာရီ)က ဒုတိယ၊ ဆွေဝင့်(မန္တလေး)က တတိယ ရရှိသည်။

နေ့လယ်ပိုင်းတွင် အမျိုးသား ဆန်းဆိုပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၄၈ ကီလိုတန်းတွင် ဝေယံလင်း(ပဲခူး) က ပထမ၊ ကျော်ဇင်ဝင်း(ရှမ်း)က ဒုတိယ၊ အောင်ချမ်းသာ (ပဲခူး)နှင့် ချမ်းမြေ့လှိုင်(တနင်္သာရီ)တို့က ပူးတွဲတတိယရရှိပြီး ၅၆ ကီလိုတန်းတွင် ရာစုမောင်(မန္တလေး)က ပထမ၊ ဇော်မိုးအောင်(ပဲခူး)က ဒုတိယ၊ ချစ်ကိုကို(ချင်း)နှင့် ဝေလင်း

၅၂ ကီလိုတန်းတွင် ထွန်းထွန်းဝင်း(ပဲခူး)က သိန်းထိုက်ဦး (ရန်ကုန်)ကို ကိုင်ပေါက်ပြီး အနိုင်ယူစဉ်။

အောင်(မန္တလေး)တို့က ပူးတွဲတတိယရရှိကြသည်။ ၆၀ ကီလိုတန်းတွင် ကျော်လင်းထွန်း(ဧရာဝတီ)က ပထမ၊ ကျော်နိုင်ဦး(မန္တလေး)က ဒုတိယ၊ သန်းဇော်(မွန်)နှင့် သူရိန်လင်း(ပဲခူး)တို့က ပူးတွဲတတိယရရှိပြီး ၆၅ ကီလိုတန်းတွင် မျိုးကို (ရန်ကုန်)က ပထမ၊ နိုင်နိုင်လင်း(ပဲခူး)က ဒုတိယ၊ စိုင်းမျိုးသန့်(တနင်္သာရီ)နှင့် အာကာ(မွန်)တို့က ပူးတွဲတတိယ အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **(ကိုကိုစိုးညွန့်)**

ရန်ကုန်က မကွေးကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့၏ ပွဲစဉ်ကို မတ် ၃ ရက် ညနေ ၃ နာရီက ဝဏ္ဏသိဒ္ဓိ၌ ကျင်းပသည်။

ပွဲစချိန်တွင် မကွေးက စပေးဘောကစားပြီး ရန်ကုန်ဘက်သို့ ထိုးဖောက်ခဲ့သည်။ ပထမပိုင်း မိနစ် ၂၀ ခန့်အထိ ရန်ကုန်အသင်းမှာ မကွေး၏ အဝေးဘောဗျူဟာကို ထိန်းချုပ်ကစားနေရပြီး တန်ပြန်ကစားကွက်ဖြင့်သာ ကစားနေရသည်။ သို့ရာတွင် ပွဲချိန် ၂၁ မိနစ်တွင် ရန်ကုန်အသင်း တိုက်စစ်မှူး စောနိုင်မိုးအောင်က တစ်ကိုယ်တော်ခြေစွမ်းပြပြီး ဂိုးသမားနှင့် တစ်ဦးချင်းတွေ့ကာ ပထမဦးဆုံးဂိုးကို သွင်းယူနိုင်ခဲ့သည်။ တစ်မိနစ်မပြည့်မီမှာပင် ကွင်းလယ်တည်ဘောမှ တစ်ဆင့်ကန်တင်ပေးသည်ကို မကွေး တိုက်စစ်မှူး ထက်ဝေလင်း ပြေးပြေးလွှားလွှားသွင်းသဖြင့် ချေပဂိုးရပြီး တစ်ဂိုးစီသရေဖြစ်သွားသည်။

ဒုတိယပိုင်းပြန်စသည့် အချိန်တွင် ရန်ကုန်အသင်းမှာ ကစားကွက်ပိုပြီး အကွက်စေ့လာသည်။ ထို့ကြောင့် ဒုတိယပိုင်း ရှစ်မိနစ်တွင် ဆက်ဖြိုးဝေက ရန်ကုန်အတွက် တတိယဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မိနစ် ၂၀ တွင် မကွေးတိုက်စစ်မှူး ထက်ဝေလင်းကပင် မကွေးအတွက် ဒုတိယဂိုးကို ခေါင်းတိုက်သွင်းယူရာ သုံးဂိုး-နှစ်ဂိုးဖြစ်သွားသည်။ ဂိုးပေးလိုက်ရပြီးနောက် ရန်ကုန်အသင်းမှာ တိုက်စစ်ကိုအစွမ်းကုန်ဖွင့်ကစားခဲ့သည်။ အထူးသဖြင့် တောင်ပံတိုက်စစ်များဖြင့် မကွေးခံစစ်ကြောင်းကို ထိုးဖောက်ရာ ဘယ်တောင်ပံမှ နောင်လင်းထက်မြတ် ချပေးသည့်ဘောလုံးကို ကွင်းလယ်လူ ကျော်သူရိန်က ပိတ်သွင်း၍ ရန်ကုန်အတွက် စတုတ္ထဂိုး ရယူပေးနိုင်ခဲ့သည်။ **(လေဒီ)**

ပြည်တွင်းရေးရာ

မွေးမြူရေးလုပ်ငန်းများကို အများပိုင်ကုမ္ပဏီတည်ထောင်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်

ရန်ကုန်　　မတ်　　၃

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပရာ ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြပဟန်တို့က မွေးမြူရေးဆိုင်ရာ ဆေးဝါးများ၊ လုပ်ငန်းသုံး ပစ္စည်းကိရိယာ အရောင်းပြခန်းများနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ(၂၀၁၃)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဆိုင်ရာ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာ အရောင်းပြခန်းများ၊ မြန်မာ့မျိုးရင်းအိမ်မွေးကြောင်နှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲ (၂၀၁၃)ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် သားငါးသဘာဝသယံဇာတနှင့် မျိုးစိတ်များစွာပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သားငါးကဏ္ဍ၌ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား (GDP) သုံးဆတိုးတက်အောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ချက်ဖြစ်သော နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်တို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအနက် လက်ရှိနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်း၌ရှိသည့် မူရင်းမျိုးများကို အခြေခံကာ ပြည်ပမှ မျိုးနွားသိုးများဝယ်ယူတင်သွင်းပြီး မျိုးရည်ခဲချောင်း ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မေထုန်မဲ့နည်းဖြင့် မျိုးပြန့်ပွားရေး တိုးတက်ဆောင်ရွက်နိုင်ရန် မျိုးရည်ခဲချောင်းနှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ရည် အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံ (Milk Processing Plant)များ၊ အသားနှင့် အသားထွက်ပစ္စည်း တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ထောင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value added) ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ (Private Sector)ကနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အတူ ဝက်မွေးမြူထုတ်လုပ်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးတွင် ကျေးလက်နေပြည်သူများလက်ဝယ်အရောက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ရောက်ရှိရေး အကြွေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြက်မွေးမြူရေးအတွက် ပြည်ပမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီးများနှင့် ကန်ထရိုက်စနစ်ဖြင့် မွေးမြူရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် မွေးမြူရေးသမားများသည် တစ်တပ်တစ်အား ဆောင်ရွက်ကြပြီး ပြည်တွင်းပြည်ပ ဈေးကွက်များကို ထိုးဖောက်ရန် ကြိုးစားကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မွေးမြူရေးလုပ်ငန်းများကို အများပိုင်ကုမ္ပဏီ တည်ထောင်နိုင်ရန် လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ လက်ရှိအခြေအနေတွင် ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ မန္တလေး၊ ရခိုင်၊ ဧရာဝတီစသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအား မတည်ရင်းနှီးငွေ ထုတ်ပေးပြီး ကျေးလက်ဒေသများ၌ မွေးမြူရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ မွေးမြူကုန်ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများပိုင်ကုမ္ပဏီများ တည်ထောင်ပြီး မွေးမြူရေးလုပ်ငန်း ပိုမိုတိုးချဲ့ဆောင်ရွက်လာပါက Quick Win အောင်မြင်နိုင်မည့်လုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး၌ သားငါးကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးရေး ဆောင်ရွက်နေချိန်၌ ခေတ်မီနည်းပညာများနှင့် အရင်းအနှီးများကို ပေါင်းစပ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်း ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ဝင်လာရေးအတွက် မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်နှင့်တကွ လုပ်ငန်းရှင်များအားလုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၁၅ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အရောင်းပြခန်းများ၊ အိမ်မွေးနှင့် တိရစ္ဆာန်ပြပွဲ/ပြိုင်ပွဲများကို မတ် ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်

နေပြည်တော်　　မတ်　　၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ထားဝယ်မြို့တွင် ၁ ဒသမ ၃၈ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

အနုပညာအထက်တန်းကျောင်း(ရန်ကုန်) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန်　　မတ်　　၃

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။**(ယာပုံ)** ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ အနုပညာပဒေသာကပွဲနှင့် ပန်းချီ၊ ပန်းပု အနုပညာလက်ရာမွန်များကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**



ခြောက်သွေ့ရာသီရောက်လာပြီ ကိုယ်စီယှဉ်တွေးမီးသင့်ဘေး

ပန်းတောင်းသန်းကြွယ်

မျက်မှောက်ကာလတွင် Global Warming ခေါ် တစ်ကမ္ဘာလုံးပူနွေးလာမှုဖြစ်စဉ်ကြောင့် Climate Change ခေါ် ရာသီဥတု ပြင်းထန်စွာ ဖောက်ပြန်ပြောင်းလဲလျက်ရှိသည်။ အပူအအေးလွန်ကဲမှုများကြောင့် သဘာဝဘေးဒဏ်များကို မကြာခဏ တွေ့ကြုံခံစားလာရသည်။ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း စသော ဘေးဒုက္ခမျိုးစုံကို နေရာမျိုးစုံ၌ တွေ့ကြုံခံစားနေရသည်။

အရင်းစစ်လျှင် အမြစ်မြေကဆိုသကဲ့သို့ပင် ယနေ့လူသားတို့ ခံစားနေရသော ဘေးဒုက္ခမျိုးစုံသည် မဆင်မခြင်ပြုကျင့်ခဲ့ကြသော လူသားတို့၏ တစ်ကိုယ်ကောင်းဆန်မှုများကြောင့် ဖြစ်ကြောင်း လေ့လာဆန်းစစ်မိခဲ့ကြပြီဖြစ်၍ ကမ္ဘာမြေကိုကယ်တင်ရန် လူသားတိုင်းတွင် တာဝန်ရှိကြောင်း သိရှိလက်ခံလာကြပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ် မပျက်ယွင်းစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက အစီအမံများချမှတ်၍ ရှေ့တန်းတင်ဆောင်ရွက်လာကြရပြီဖြစ်သည်။ သဘာဝသစ်တောများနှင့် ဒီရေတောများသည် ရာသီဥတုကောင်းမွန်မှန်ကန်မှုနှင့် သဘာဝဘေးဒဏ်များကို သဘာဝအလျောက်တားဆီးကာကွယ်ပေးနိုင်သော လူသားတို့၏ ထာဝရမိတ်ဆွေများဖြစ်ကြောင်း သိရှိလက်ခံ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများကို အရေးတကြီးဆောင်ရွက်လာကြပြီဖြစ်သည်။ နောင်အနာဂတ်တွင် သဘာဝဘေးဒဏ်များလျော့နည်းပပျောက်သွားစေပြီး ကမ္ဘာ့ရာသီဥတုများ လွန်ခဲ့သော ရာစုနှစ်များစွာကကဲ့သို့ ပုံမှန်ပြန်လည်ရောက်ရှိလာစေရန် ရည်စူး၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြိုးပမ်းဆောင်ရွက်နေကြရခြင်းပင် ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးဒဏ်မျိုးစုံကို ကြုံတွေ့ရသကဲ့သို့ လူနေရပ်ကွက်မြို့ရွာများတွင် မီးလောင်ခြင်းများစွာ ပေါ်ပေါက်လာသည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ မကြာတော့သော ကာလတွင် အေးမြခြောက်သွေ့သောရာသီဥတုမှ ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ ပြောင်းလဲရောက်ရှိတော့မည်ဖြစ်သည်။ ထိုအချိန်သည် မီးလောင်လွယ်သောကာလဖြစ်၍ လူတို့၏ သတိမေ့လျော့ပေါ့ဆမှုကြောင့် နေအိမ်တိုက်တာ အဆောက်အအုံများ မီးလောင်ခြင်းမရှိရလေအောင် နှစ်ဆတိုး၍ သတိပြုစောင့်ရှောက်ကြရမည်ဖြစ်သည်။

လူ့သမိုင်းတွင် ဂူအောင်းလူသားဘဝမှ ယဉ်ကျေးမှုအဆင့်ဆင့် တိုးမြင့်လာအောင် လူသားတို့အား မီးကကျေးဇူးပြုခဲ့ဖူးလေသည်။ အရေးကြီးသော မီးများကို သစ်တောများသဘာဝအလျောက် မီးလောင်သည်မှ စတင်တွေ့ရှိပြီး မီး၌ အပူဓာတ်ရှိပုံ၊ မီး၏ သတ္တိထူးခြားမှုနှင့် မီးသင့်ပြီးသား အသားများ ပိုမိုစားကောင်းပုံတို့ကို ရှေးခေတ်ဂူအောင်းလူသားတို့ ဘဝအတွေ့အကြုံဖြင့် သိရှိသင်ယူနိုင်ခဲ့ကြရာမှ တစ်စတစ်စ ယဉ်ကျေးမှုများ အဆင့်ဆင့်တိုးတက်လာခဲ့ကြရသည်။ နောင်အခါ လူသားတို့သည် အလွန်အသုံးဝင်လာသော မီးကို အချိန်အခါမရွေး အလွယ်တကူ အသုံးပြုနိုင်အောင် စီမံဖန်တီးနိုင်ခဲ့ကြသည်။

လူသားတို့အား လွန်စွာအကျိုးပြုသောမီးသည် သူ့အားမလေးမစား သုံးစွဲခြင်း၊ မေ့လျော့ပေါ့ဆစွာ ထားရစ်ခြင်းများကိုမူ သည်းမခံတတ်ပေ။ လွန်စွာဒေါသထွက်၍ ဟုန်းဟုန်းတောက်အောင် လောင်မြိုက်ဝါးမျိုတတ်လေသည်။ အလင်းရောင်ပေးခြင်း၊ အပူဓာတ်ပေးခြင်း စသည့် ကောင်းကျိုးချမ်းသာများကို ကျော်လွန်၍ လောင်ကျွမ်းဖျက်ဆီးကာ ဆိုးကျိုးဒုက္ခများကို ပေးလေတော့သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှု ၁၂၁၉ ကြိမ် ဖြစ်ပွားခဲ့သည်။ အိမ်ခြေအဆောက်အအုံပေါင်း ၁၅၇၆၅ ခု မီးသင့်ခံခဲ့ရပြီး မီးဘေးဒုက္ခသည်ပေါင်း ၇၄၉၄၇ ဦးထိ ရှိခဲ့သည်။ လူသေဆုံးမှု ၁၈၄ ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၉၅ ဦးရှိခဲ့သည်။ ကျွဲ၊ နွား၊ ဝက်စသည့် တိရစ္ဆာန်များ ၂၈၁၉ ကောင် သေကျေပျက်စီးခဲ့သည်။ စက်ရုံ၊ အလုပ်ရုံရှစ်ခုနှင့် ဂိုဒေါင် ၁၁ လုံး မီးသင့်ခံခဲ့ရသည်။ စုစုပေါင်း ခန့်မှန်းခြေဆုံးရှုံးမှု တန်ဖိုး ငွေကျပ် သန်းပေါင်း ၁၀၇၀၁ ကျော်ဖိုး ဆုံးရှုံးခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်း မီးလောင်မှု ၁၂၁၉ ကြိမ်အနက် ပေါ့ဆမီးကြောင့် လောင်ကျွမ်းခြင်း ၄၆၇ ကြိမ်ရှိရာ အများဆုံးမီးလောင်သည့် အကြောင်းရင်းပင်ဖြစ်သည်။ ဒုတိယအများဆုံးမှာ မီးဖိုမီးဖြစ်ပြီး ၃၂၈ ကြိမ်ရှိသည်။ တတိယအများဆုံးမှာ ၂၂၄ ကြိမ်လောင်ကျွမ်းခဲ့သော လျှပ်စစ်မီးဖြစ်သည်။ စတုတ္ထအများဆုံးမှာ မသမာသူ ရှို့မီးဖြစ်ပြီး အကြိမ် ၁၆၀ ရှိသည်။ တောမီးလောင်ကျွမ်းမှု အကြိမ် ၂၀ရှိခဲ့ပြီး အလိုအလျောက်မီးမှာ ၁၉ ကြိမ်ရှိသည်။ မိုးကြိုးပစ်လောင်ကျွမ်းမှုမှာ တစ်ကြိမ်သာရှိသည်။

၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်များကို ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံး၊ ရခိုင်ပြည်နယ်တွင် တတိယအများဆုံး ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ ဆုံးရှုံးမှုတန်ဖိုးအားဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံး၊ ရှမ်းပြည်နယ်တွင် ဒုတိယအများဆုံးနှင့် ရခိုင်ပြည်နယ်တွင် တတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၁၂ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီးတွင် မီးလောင်မှုအကြိမ် ၁၉၈ ကြိမ်အနက် ၁၁၁ ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့်လောင်ကျွမ်းရသော မီးများဖြစ်သည်။ ထို့အတူနိုင်ငံတစ်ဝန်းလုံးတွင် ယင်းနှစ်ကလောင်ကျွမ်းခဲ့သည့် မီးလောင်မှု ၁၂၁၉ ကြိမ်အနက် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၇၉၅ ကြိမ်ဖြစ်ပွားခဲ့ရာ မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၆၅ ဒသမ ၂၂ ရာခိုင်နှုန်းသည် မီးကိုမဆင်မခြင်သုံးစွဲခြင်း၊ မေ့လျော့ပေါ့ဆစွာသုံးစွဲခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရှိရသည်။

ယင်းနှစ်က လောင်ကျွမ်းခဲ့သည့် မီးလောင်မှု ၁၂၁၉ ကြိမ်အနက် ၄၂၉ ကြိမ်မှာ ကျေးရွာမီးလောင်မှုဖြစ်ရာ မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၃၅ ဒသမ ၁၉ ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း သိရသည်။ နှစ်အလိုက် မြန်မာနိုင်ငံ၏ မီးလောင်မှုအခြေအနေကို အောက်ပါအတိုင်းတွေ့ရှိရသည်-

စဉ်	ခုနှစ်	အကြိမ်အရေအတွက်	ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး(ကျပ်သန်း)
၁	၂၀၀၀	၈၇၆	၃၆၈. ၇၂
၂	၂၀၀၁	၈၆၈	၄၈၃၀. ၃၉
၃	၂၀၀၂	၈၄၃	၅၂၃. ၀၀
၄	၂၀၀၃	၇၆၀	၇၁၄. ၇၄
၅	၂၀၀၄	၉၅၆	၁၀၄၅. ၃၂
၆	၂၀၀၅	၈၃၅	၂၀၀၀. ၅၄
၇	၂၀၀၆	၈၃၃	၈၅၉. ၅၉
၈	၂၀၀၇	၉၄၄	၉၆၉. ၇၃
၉	၂၀၀၈	၇၉၉	၃၉၄၅. ၇၅
၁၀	၂၀၀၉	၇၁၄	၉၄၀၇. ၅၅
၁၁	၂၀၁၀	၉၂၀	၂၄၁၈၄. ၀၃
၁၂	၂၀၁၁	၉၂၃	၁၈၉၈. ၆၅
၁၃	၂၀၁၂	၁၂၁၉	၁၀၇၀၁. ၁၈

မီးလောင်ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် မီးသတင်းရလျှင် အမြန်ဆုံးငြိမ်းသတ်နိုင်ရန် စက်အသင့်၊ စက်သုံးဆီအသင့်၊ လူအသင့်၊ ရေအသင့်ရှိရေးကို အထူးဦးစားပေး၍ အသင့်အနေအထားဖြစ်စေရန် စီမံထားရှိရမည်ဖြစ်သည်။ မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ညှိနှိုင်း၍ ပိုမိုဆောင်ရွက်ရမည်ဖြစ်သည်။

ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးလောင်ပါက ဆုံးရှုံးမှုတန်ဖိုးမြင့်မားသည့်အတွက် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နေထိုင်သူများ၊ လုပ်ငန်းရှင်များပူးပေါင်း၍ အမြဲတစေစစ်ဆေးကြပ်မတ်ခြင်း၊ ဟောပြောပို့ချခြင်း၊ လက်တွေ့သရုပ်ပြခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများဖြင့် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ မိမိတို့တာဝန်ယူရသောနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများတွင်လည်း အထက်ပါအတိုင်း ကြိုတင်ပြင်ဆင်မှုများဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ ကျောင်းများ၊ ဟိုတယ်/မိုတယ်များ၊ သမိုင်းဝင်အဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများ၊ လူနေရပ်ကွက်များတွင် စစ်ဆေးခြင်း၊ အကြံပြုခြင်း၊ သတိပေးခြင်း၊ မီးသုံးစွဲမှုကန့်သတ်ခြင်းများအား နေ့စဉ်အသံချဲ့စက်ဖြင့် လှည့်လည်သတိပေးနှိုးဆော်ရန် လိုအပ်ပေသည်။ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ပစ္စည်းများသုံးစွဲခြင်းမှ ရှောင်ကြဉ်စေပြီး လျှပ်စစ်ဓာတ်ကြိုးဆက်သွယ်မှု၊ ဓာတ်အားသုံးစွဲမှုတို့ကိုလည်း စစ်ဆေးကြပ်မတ်သွားရန် လိုအပ်လှသည်။

မီးလောင်မှုများ မြန်မြန်ငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး နည်းပညာများ ပိုမိုကျွမ်းကျင်စေရေးအတွက် လေ့ကျင့်သင်ကြားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်တိုးမြှင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များရှိ လမ်းအသီးသီးတွင် လျှပ်စစ်မီးကြိုးများ၊ တယ်လီဖုန်းကြိုးများ သွယ်တန်းရာတွင် စနစ်တကျရှိစေပြီး မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက် မီးငြိမ်းသတ်နိုင်ရန် စီစဉ်ထားရှိသင့်သည်။ စည်းကမ်းမဲ့ယာဉ်များ ရပ်တန့်ထားခြင်း၊ ညအိပ်ခြင်းများကိုလည်း စနစ်တကျ ရှင်းလင်းထားရှိသင့်သည်။

မကြာမီ ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိတော့မည်ဖြစ်ရာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြန်မာ့နွေရာသီမှာ ပိုမိုပူပြင်းဦးမည်ဖြစ်သည်။ ပူပြင်းခြောက်သွေ့မှုသည် မီးလောင်ခြင်းကိုအားပေးသောအခြေအနေတစ်ရပ်ဖြစ်ရာ မီးသုံးစွဲရာတွင် ပေါ့ပေါ့ဆဆမလုပ်ကြဘဲ မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော မီးဘေးကြိုတင်ကာကွယ်မှုဆိုင်ရာ အကြံပြုချက်များ၊ လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာရန်လိုအပ်လှပေသည်။

အချုပ်အားဖြင့်ဆိုရသော် မီးကိုပေါ့ပေါ့ဆဆမသုံးပါနှင့်။ ကလေးနှင့် သက်ကြီးရွယ်အိုများကို ထမင်း၊ ဟင်း မချက်ခိုင်းပါနှင့်။ မတော်တဆမီးလောင်လျှင် ကျိတ်မငြိမ်းသတ်ပါနှင့်။ အိမ်နီးနားချင်းကို အကူအညီတောင်းခံပါ။ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ အမွှေးတိုင်မီးတို့ကို သတိပြု၍ ငြိမ်းသတ်ပါ။ ဓာတ်ဆီ၊ ရေနံဆီကဲ့သို့သော လောင်စာများကို စနစ်တကျထားသိုပါ။ မလိုအပ်ဘဲ မလျှောင်ပါနှင့်။ အိမ်ပြင်ထွက်လျှင် လျှပ်စစ်မီးအားလုံးပိတ်ခဲ့ပါ။ မီးဖိုမီးရှိလျှင် ငြိမ်းသတ်ခဲ့ပါ။

"သင့်ကြောင့် မီးမလောင်ပါစေနှင့်"ဟု ပြောချင်ပါသည်။ "သောကဝေးအောင် မီးဘေးရှောင် မလောင်ခင်က တားဆီးကြစို့"ဟု နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ကွန်ပျူတာဂျာနယ်
ထွက်ပြီ
၂၀၁၃၊ မတ်လထုတ်
တယ်လီဖုန်း ဆင်းကတ်တွေ လူတိုင်း အခမဲ့ ရတော့မယ်
မြန်မာဝက်ဘ်ဆိုက်အညွှန်း
ဝက်ဘ်ဆိုက်တွေ ဟက်နေတာ ဘယ်သူလဲ
ဂျီမေးလ်တွေ အခိုးမခံရအောင်
တစ်ဦးချင်း မှာကြားလိုပါက စာအုပ်ဆိုင်တွင် ရောင်းသော မှရင်းဈေးအတိုင်း Novel Light Express တယ်လီဖုန်းအမှတ် ၃၉၁၁၈၆၊ ၀၉၅၀၈၀၈၅၀ သို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

စာမေးပွဲဖြေဆိုသူများ အနှောင့်အယှက်မဖြစ်စေရန် သတိပေးနှိုးဆော်မှုများပြုလုပ်

ရန်ကုန် မတ် ၃

ယခုလအတွင်းတွင် ၂၀၁၃ ခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်နက်တည်း စစ်ဆေးကျင်းပတော့မည်ဖြစ်ရာ စာမေးပွဲဖြေဆိုမည့်ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်ဖြစ်စေမည့် လုပ်ဆောင်မှုမျိုးမလုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ရပ်ကွက်များတွင် သတိပေးနှိုးဆော်နေပြီး ယင်းနှိုးဆော်ချက်များကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာအသိပေးထားကြောင်း သိရသည်။

စာမေးပွဲဖြေဆိုသူများ အနှောင့်အယှက်မဖြစ်စေရန် စားသောက်ဆိုင်များ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးစသော စားသောက်ဖွယ်ရာများ ရောင်းချသည့် စားဖွယ်စုံဆိုင်များ၊ စီးပွားရေးလုပ်ငန်းများ အပါအဝင် အရောင်းဆိုင်အသီးသီးက ကက်ဆက်သီချင်းသံများ အပါအဝင် ပတ်ဝန်းကျင်ဆူညံမှု မဖြစ်စေရန် လုပ်ဆောင်နိုင်ဖို့နှိုးဆော်ခြင်းဖြစ်ပြီး အချို့သော ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုယ်တိုင် အရောင်းဆိုင်ပိုင်ရှင်များထံသို့ လိုက်လံအသိပေးပြောကြားမှုများရှိကြောင်း သိရသည်။

ထို့အပြင် မိတ္တူဆိုင်၊ ကွန်ပျူတာ စာစီစာရိုက်ဆိုင်များသို့လည်း စာမေးပွဲဖြေဆိုရာတွင် မသမာမှုဖြစ်စေရန် အားပေးကူညီသော လုပ်ဆောင်မှုမျိုး မပြုလုပ်ကြရန် အသိပေးခြင်းများရှိပြီး လိုက်နာမှုမရှိသော လုပ်ငန်းရှင်များကို ခေါ်ယူသတိပေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူအပြစ်ပေး လုပ်ဆောင်သွားရန် ကွင်းဆင်းသတိပေးနှိုးဆော်မှုများ လုပ်ဆောင်နေရကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

(၆၈၀)

မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်စီစဉ်ကျင်းပမည့် မတ်လ (၁၀~၁၁ – ၂၀၁၃) ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)
မြန်မာ့လက်ဝတ်ရတနာပြပွဲ
Main Sponsor By ရွှေနန်းတော် Co-Sponsor By
မည်သူမဆိုလာရောက်လေ့လာနိုင်ပါသည်။ ပြခန်းစုံစမ်းရန် – 09 420160310, 09 5084734, 09 73128480

ပြည်တွင်းရေးရာ

❖ တနင်္သာရီတိုင်းဒေသကြီးမှ

လိုအပ်သော အချက်အလက်များကို မြေပြင်တွင် လိုက်လံကြည့်ရှုပြီး ပြန်လည်တင်ပြကြရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရေထွက်ပစ္စည်းများလည်း တင်ပို့မှုများပြားနိုင်သဖြင့် လိုအပ်ချက်များကို စစ်ဆေးတင်ပြရန်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် မောတောင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ဒေသခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ စာကြည့်တိုက်၊ အမျိုးသမီးရေးရာအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အလှူငွေများရရှိအောင် ဆက်စပ်ပေးခြင်း၊ စာကြည့်တိုက်တွင် စာအုပ်စာတမ်းများ လှူဒါန်းခြင်းပြုသည်။ ဒေသခံများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသလုံခြုံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ကြရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် မြိတ်-မောတောင်ဒေသမော်တော်ကားလမ်းပြုပြင်နေသည်ကို တွေ့မြင်ရသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းသာမက ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာပါ အထွေထွေကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်သွင်းခြင်းဆောင်ရွက်နိုင်ရုံသာမက နယ်မြေလုံခြုံရေး ကောင်းမွန်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းပါ အောင်မြင်လာမည်ဖြစ်၍ မဖွံ့ဖြိုးနိုင်ခဲ့သော တောကြိုအုံကြားဒေသတစ်ခုသဖွယ် ထင်မြင်ခဲ့ကြသော မောတောင်ဒေသသည် မကြာမီဖွံ့ဖြိုးလာပေတော့မည်။ ရေမီးအပြည့်အစုံရရှိရေးစီမံထားရှိ၍ မကြာမီထိန်ထိန်ညီးနေသော လျှပ်စစ်မီးရောင်အောက်တွင် မောတောင်တစ်ခွင်လုံး လင်းလက်တောက်ပနေတော့မည်။

ညဘက်၌ တပို့တွဲလဆန်း ၁၀ ရက်၊ ၁၁ ရက်ကာလများဖြစ်၍ မောတောင်တစ်ခွင်လုံးတွင် လရောင်ဆမ်းနေသည်ကို သတိပြုမိသည်။ တောကြီးတောင်ကြီးဒေသဖြစ်သဖြင့် တောင်အငွေ့၊ နှင်းငွေ့၊ မိုးငွေ့လေးများ မှုန်မှုန်ရစ်သန်းနေပြီး ပတ်ဝန်းကျင်လရောင်တွင် အအေးဓာတ်ဖြင့် လွှမ်းခြုံ၍ နေသည်။ ပရစ်အော်သံများကြားတွင် ရံခါညဉ့်ငှက်ကလေးများ၏ ပျံသန်းအော်မြည်သံကိုလည်း ဂရုပြုမိသည်။ အေးချမ်းသာယာခြင်း၏အရသာကို ကြည်ကြည်နူးနူး ခံစားလိုက်ရသည်။ ဒေသအေးချမ်းခြင်းနှင့်အတူ မကြာမီအချိန်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့် မောတောင်ဒေသ၏မြို့ပြအခြေအနေကို မြော်တွေးမှန်းဆနေမိပါတော့သည်။ ။

❍ အီတလီမှ

အက်တနာမီးတောင်သည် အီတလီနိုင်ငံ စစ္စလီကျွန်းပေါ်၌ တည်ရှိသည်။

အက်တနာမီးတောင်သည် မကြာခဏ ပေါက်ကွဲလေ့ရှိခြင်းကြောင့် ကမ္ဘာ့အကျော်ကြားဆုံးမီးတောင်များစာရင်းတွင် ပါဝင်သည်။ အက်တနာမီးတောင်ကို ကမ္ဘာတစ်ဝန်းရှိ မီးတောင်ဗေဒပညာရှင်များက စိတ်ဝင်စားကြပြီး သုတေသနပြုလုပ်ကြရာတွင် ယင်းမီးတောင်ကို ရွေးချယ်လေ့ရှိကြသည်။

အက်တနာ မီးတောင်တည်ရှိမှုကို အကြောင်းပြု၍ စစ္စလီကျွန်း၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်လာသည်။

အက်တနာမီးတောင်သည် စစ္စလီကျွန်း၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ကာတာနီးယားမြို့ကို မျှော်စင်သဖွယ် စီးမိုးထားသည်။

အက်တနာမီးတောင်သည် ဘီစီ ၁၅၀၀ ကာလမှစ၍ ပေါက်ကွဲမှုများ ပုံမှန်ဖြစ်ပွားခဲ့ကြောင်း မီးတောင်ဗေဒပညာရှင်များက ပြောကြားကြသည်။ သမိုင်းမှတ်တမ်းများအရ အက်တနာမီးတောင်သည် ၁၆၆၉ ခုနှစ်တွင် အပြင်းထန်ဆုံးပေါက်ကွဲခဲ့ရာ ကျေးရွာအများအပြား ပျက်စီးခဲ့ရပြီး ကာတာနီးယားမြို့၏ ဒေသများသို့ ချော်ရည်များ စီးကျခဲ့သည်ဟု သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၉၀၀၌ တည်ရှိသော အက်တနာမီးတောင်သည် ဥရောပတွင် အလှုပ်ရှားဆုံး မီးတောင်ရှင်တစ်လုံးဖြစ်သည်။

ယူပီအိုင်

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား ပြည်ပပြည့်အဖွဲ့များတွေ့ဆုံ

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဘုန်းတော်ကြီး Ven.Moktak နှင့်အဖွဲ့ သာသနာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူဖူးဘုရားကျောင်းအတွင်းရေးမှူး Mr. George Lin နှင့် အဖွဲ့အား လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်းမှ ဘုန်းတော်ကြီး Ven.Moktakနှင့် အဖွဲ့အား လည်းကောင်း တွေ့ဆုံ၍ သာသနာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိမြို့နယ်အတွင်း ကွန်ကရစ်ကားလမ်းများအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်

နေပြည်တော် မတ် ၃

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက် နံနက်မှစတင်၍ ဇမ္ဗူသီရိမြို့နယ် ရေပန်းဥယျာဉ်ပန်းခြံရှေ့ ရာဇသင်္ဂဟလမ်းနှင့် ဇေယျဌာနီလမ်းဆုံ မီးပွိုင့်မှစတင်၍(ပြည်ထဲရေးကုန်း) ဇေယျဌာနီလမ်းအတိုင်း ကွန်ကရစ်လေးလမ်းသွားအပေါ်တွင် နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)** **(ကျော်သူရ)**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၃-၂၀၁၃ (တနင်္လာနေ့)

၅း၄၀	"ဆွဲအားနှင့်စွဲအား"တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)	၈း၄၅	For Tunes Lyries Contest
၁၁း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း	၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၃၈)
၆း၄၅	AFC Challenge Cup 2014 (Myanmar Vs Chinese Taipei) (LIVE)	၉း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၃၄)

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Aston Villa - Man City	Fox Sports

Spain Laliga ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၃း၀၀	Sevilla-Celta De Vigo	Star Sports

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ဘုရင့်နောင်ဈေး ကုန်စည်ဈေးနှုန်း

ရန်ကုန် မတ် ၃

ဘုရင့်နောင်ကုန်စည်ဈေးကွက် မတ်လဆန်း ၁ ရက်တွင် စားအုန်းဆီဈေးနှုန်းများ ကျပ် ၁၃၇၅ နှုန်းထိ ကျဆင်းပြီး ညောင်ဦးဆေးခတ် ထန်းလျက်များ တစ်ပိဿာ ကျပ် ၈၅၀ နှုန်းသို့ ကျဆင်းလာကြောင်းသိရသည်။ ကြက်သွန်နီများမှာ ဈေးအနိမ့်တွင် ငြိမ်သက်နေပြီး ပြည်ပသို့တင်ပို့သော လတ်ချောအရွယ်အစားဈေးနှုန်းသည် ထိပ်စရှယ်အမျိုးအစားထက် ဈေးမြင့်နေသည်ဟု သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် စားအုန်းဆီတစ်ပိဿာ ၁၄၂၅ ကျပ်ထိဖြစ်ခဲ့ရာမှ ပြည်ပအရင်းဈေးကျဆင်းမှုနှင့်အတူပြည်တွင်းဈေးပါကျဆင်းလာကြောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မလေးရှား FOB စားအုန်းဆီ တစ်တန်လျှင် ၈၄၀ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၈၆၃ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ၁၄၁၇ ကျပ်နှုန်းထားရှိရာ တစ်ပတ်အတွင်း ပြည်ပအရင်းဈေး တစ်ပိဿာ ကျပ် ၅၀ ဝန်းကျင်ဈေးကျသကဲ့သို့ ပြည်တွင်းရောင်းဈေးသည်လည်း တစ်ပိဿာ ကျပ်၆၀ ဝန်းကျင် ဈေးကျလာသည်ဟု သိရသည်။

အပူရှိန်ပြင်းလာသော ယခုကာလတွင် ကန်ဆီများ အရောင်းအဝယ်ပိုများလာပြီး ပုံးဆီများ အဝယ်မလိုက်သဖြင့် ပုံးဆီတင်သွင်းလာသူများ အရောင်းမြှင့်တင်သည့်အနေဖြင့် ဆီဈေးကွက်တွင်လုပ်ဆောင်လာကြောင်း၊ ပလတ်စတစ်ပုံးဝါ အခွံတစ်လုံးလျှင် ကျပ် ၁၂၀၀နှုန်း၊ သံပုံးခွံတစ်လုံးလျှင် ကျပ် ၉၀၀ နှုန်းရှိရာ ဈေးကွက်တွင် ပိဿာတစ်ဆယ်ဝင်ပုံးဝါဆီပုံးတစ်ပုံးလျှင် ကျပ် ၁၇၅၀၀နှုန်းဖြင့် ရောင်းချလာကြောင်း၊ ကန်ဆီဈေးကျချိန်တွင် ပြည်ပမှ တရားဝင်တင်သွင်းလာသော ပုံးဆီများ အရောင်းအဝယ်ကျဆင်းတတ်သည်ဟု ဆီအဝယ်တော်တစ်ဦးက ဆိုသည်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၀၅၀ ထိ ဈေးမြင့်ခဲ့သော ညောင်ဦး ဆေးခတ်ထန်းလျက်များ မတ် ၁ ရက်တွင် တစ်ပိဿာကျပ် ၈၅၀ နှုန်းသို့ ဈေးကျလာကြောင်း၊ ယခင်အပတ် တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၁၅၅၀ နှုန်းရှိခဲ့သော ကျောက်ရဲငရုတ်ရှည်များ မတ်လ ၁ ရက်တွင် တစ်ပိဿာ ကျပ် ၁၄၀၀-၁၄၅၀ နှုန်းသို့ ဈေးကျလာသည်ဟု သိရသည်။ ညောင်ရမ်းမိုးထောင်ငရုတ်သစ်များ တစ်ပိဿာ ကျပ် ၁၈၀၀-၁၉၀၀ နှုန်း၊ ဆင်ဖြူကျွန်းငရုတ်ပွ တစ်ပိဿာ ကျပ် ၄၅၀၀-၅၀၀၀ နှုန်းရှိသည်ဟု သိရသည်။

ယခင်နှစ် ၂၀၁၂ ခုနှစ် မတ် ၁ ရက်တွင် စားအုန်းဆီတစ်ပိဿာ ကျပ် ၁၇၄၀ နှုန်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ကျပ် ၅၈၀ နှုန်း၊ ညောင်ရမ်း မိုးထောင်ငရုတ် တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်း၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာ ကျပ် ၂၄၅၀ နှုန်း၊ ဆင်ဖြူကျွန်းငရုတ်ပွတစ်ပိဿာ ကျပ် ၇၅၀၀ နှုန်းရှိခဲ့ရာ ယခုနှစ် မတ်လဆန်းတွင် ထန်းလျက်တစ်မျိုးတည်းသာ ယခင်နှစ်ကထက်ဈေးမြင့်ပြီး စားအုန်းဆီနှင့်ငရုတ်ရှည် ငရုတ်ပွများ ဈေးနိမ့်နေကြောင်း သိရသည်။

မောင်စေအောင်

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက် { ပထမအသုတ်ဦးရာလူလေယာဉ်ခံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယသုတ် လေယာဉ်ခံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ } | အိန္ဒိယ (ဂျူအိပ်-ခရက်) ၇.၅ သိန်း / (ဟိုတယ်) ၁၂ သိန်း
ဒူဘိုင်း (၁၉ သိန်း) / ရုရှား (ဖော်စကို) ၃၅ သိန်း
ဗန်ကောက် + စင်္ကာပူ + မလေးရှား ၁၃ သိန်း | ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) ၁၇ သိန်း
စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ဖူးခက် ၉ သိန်း | ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) ၂၅ သိန်း
ပီနန်+လန်ကာဝီ+Genting Highlands+KUL ၁၁.၅ သိန်း | ဩစတြေးလျ (ဆစ်ဒနီမဲလ်ဘုန်းဂိုးလ်ကို့စ်ဘရင်စဘင်း) ၃၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား ၁၅ သိန်း | ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....) ၃၉ သိန်း
ကမ္ဘောဒီးယား (၆.၈ သိန်း) / ဆက်၍ ဗီယက်နမ် ၁၁.၅ သိန်း | နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ် (Cruise) ၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက် ၁၄ သိန်း | အင်္ဂလန်၊ စကော့တလန် (ဝေလ်စကို) ၄၀ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို ၁၄ သိန်း | အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+
ပီကင်း+ရှန်ဟိုင်း (၁၄.၅ သိန်း) / ဆက်၍ စီအမ် (တာယာကျိုတကျွမ်ကျ) ၁၇ သိန်း | နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall+ဟာဝိုင်ရီ) ၆၀ သိန်း

သတ်ကြေညာခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ် မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ ဗီဇာလိုသမျှကို အချိန်မရွေးဖြေပေးနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 51028
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

တိုင်းပြည်ကို အများကြီးပြောင်းလဲအောင် လုပ်ဆောင်ခဲ့တဲ့ သမ္မတကြီးကို ဒီထက်ပိုပြီးတော့လည်း ဖြစ်စေချင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဥရောပ(၅)နိုင်ငံခရီးစဉ်တွင် အတူလိုက်ပါသွားသည့် Sky Net ရုပ်/သံ အဖွဲ့က ဖင်လန်နိုင်ငံရှိမြန်မာတိုင်းရင်းသား အချို့နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လက်ရှိပြောင်းလဲနေမှုများအပေါ် ၎င်းတို့၏ အမြင်များ၊ လက်ရှိနေထိုင်ရပ်တည်နေရမှုများ စသည်တို့နှင့် စပ်လျဉ်း၍ ၎င်းတို့၏ အမြင်များကို မေးမြန်းခဲ့ပါသည်-

မေး ။ အစ်ကိုရဲ့ နာမည်နဲ့ တိုင်းရင်းသားအမည်ကို ပြောပြပေးပါရှင့်။

ဖြေ ။ ကျွန်တော့်နာမည် ခွန်းသီးလို့ခေါ်ပါတယ်။ ကယန်းပဒေါင် တိုင်းရင်းသားဖြစ်ပါတယ်။

မေး ။ ဒီနိုင်ငံကို ရောက်ရှိခဲ့ပုံလေးကို ပြောပြပေးပါရှင့်။

ဖြေ ။ ၂၀၀၆ ခုနှစ်တုန်းက ထိုင်းနိုင်ငံနယ်စပ် ဒုက္ခသည်စခန်းကနေ ဒီဖင်လန်နိုင်ငံကို UN ရဲ့ အစီအစဉ်နဲ့ ရောက်ရှိလာတာ ဖြစ်ပါတယ်။

မေး ။ ဒီကိုရောက်ရှိတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲကို ပြောပြပေးပါရှင့်။

ဖြေ ။ အခက်အခဲတွေကတော့ အများကြီးပဲ။ ရာသီဥတု၊ အစားအသောက်၊ ဘာသာစကားစတဲ့ အခက်အခဲတွေ ရှိခဲ့ပါတယ်။

မေး ။ ဒီကို ရောက်တာ ဘယ်လောက်ကြာပြီလဲ။

ဖြေ ။ ခြောက်နှစ်ခွဲ ရှိပါပြီ။

မေး ။ လက်ရှိအလုပ်အကိုင်နဲ့ ဒီခြောက်နှစ်ခွဲအတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်လေးတွေ၊ အမှတ်တရလေးတွေ ရှိရင်ပြောပြပေးပါ။

ဖြေ ။ ဖင်လန်နိုင်ငံကို ရောက်ပြီးတော့ ဖင်လန်ဘာသာစကားသင်တန်းကို ခြောက်လလောက် တက်ပါတယ်။ တက်ပြီးတော့ ဖင်လန်က ကျောင်းကို သုံးနှစ် တက်ပါတယ်။ ကျောင်းပြီးတော့ သံထည်နဲ့ ဂဟေဆော်လုပ်ငန်းမှာ အလုပ်ရပါတယ်။ အလုပ်ထဲမှာ ကျွန်တော်နှစ်နှစ်လောက်ရှိသွားပါပြီ။ အဓိကပြဿနာက သူတို့နိုင်ငံသားတွေကြားမှာ အလုပ်လုပ်ရတာ သူတို့စကားကို အကုန် မတတ်သေးဘူး။ အဲဒီမှာ နားလည်မှုလွဲတာလေးတွေ ရှိပါတယ်။ ကျွန်တော် ပြောချင်တာက အကြောင်းအရင်းကတစ်ခု၊ သူတို့သဘောပေါက်သွားတာက တစ်ခုဆိုတော့ တစ်ခါတလေကျရင် အဆူခံရ၊ အဆဲခံရတာပေါ့။ အနည်းဆုံး တစ်ရက်တစ်ကြိမ်လောက်ကို ပြဿနာဖြစ်နေပါတယ်။

မေး ။ လက်ရှိ မိသားစုအကြောင်း ပြောပြပေးပါ။

ဖြေ ။ မိသားစုအားလုံး လေးယောက်ရှိပါတယ်။ သားနှစ်ယောက်ရှိပြီး သားအကြီးက(၁၄)နှစ်၊ သားငယ်က (၇)နှစ်ဖြစ်ပါတယ်။

မေး ။ အခုမြန်မာပြည်ကိုပြန်လာလို့ရနေပြီလေ။ အဲ့ဒီအပေါ် မြန်မာပြည်ကို ပြန်ဖို့ရော အစီအစဉ်ရော ရှိသေးလားရှင့်။

ဖြေ ။ သိပ်ရှိတာပေါ့။ မြန်မာပြည်တော့ ပြန်ချင်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အမိမြေပဲ လွမ်းတာပေါ့။ ပြန်ချင်တယ်၊ မိသားစုတွေ အဲ့ဒီမှာစုံစုံလင်လင်ရှိတယ်။

မေး ။ မြန်မာပြည်ကို လွမ်းတဲ့အခါမျိုးမှာ လုပ်တတ်တဲ့အကျင့်လေးရှိရင် ပြောပြပေးပါဦး။

ဖြေ။ အများအားဖြင့် မြန်မာပြည်ကိုလွမ်းတဲ့အခါမျိုးမှာ အင်တာနက်ဖွင့်ပြီး မြန်မာပြည်မြေပုံတွေကို ကြည့်တယ်။ မြန်မာအစားအစာတွေကို ကြည့်တယ်။ တစ်ခါတလေလည်း အိမ်ကိုဖုန်းဆက်ပြီး ဖြေသိမ့်တာမျိုးတွေ လုပ်ပါတယ်။

မေး ။ လက်ရှိမြန်မာနိုင်ငံ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်းကြောင်းအပေါ် ဘယ်လိုများမြင်ပါသလဲ။

ဖြေ ။ အများကြီး ကြိုဆိုပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ တကယ်ပြောင်းလဲလာပြီလို့လည်း ယူဆပါတယ်။

မေး ။ နိုင်ငံတော်သမ္မတကြီးက ဒီနိုင်ငံကို ရောက်ရှိနေပါတယ်။ အဲ့ဒီအပေါ် ကိုရော ဘယ်လိုများ ယူဆပါသလဲ။

ဖြေ ။ ကျွန်တော့်အနေနဲ့ကြိုဆိုပါတယ်။ အများကြီးလည်း ဝမ်းသာပါတယ်။ သမ္မတကြီး ဒီကိုလာတာ ကျွန်တော့်အနေနဲ့ သံရုံးလာဖွင့်တာလားလို့ ထင်ခဲ့ပါတယ်။ သံရုံးလာဖွင့်ရင် ပိုပြီးအဆင်ပြေမယ်၊ ပိုကောင်းမယ် ထင်လို့ပါ။

မေး ။ ပြည်ပရောက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မြန်မာပြည်အပေါ်မှာ ဘယ်လိုမျှော်လင့်ထားပါသလဲ။

ဖြေ ။ ပွင့်လင်းမြင်သာတဲ့နိုင်ငံ၊ ဒီမိုကရေစီ တကယ်ထွန်းကားတဲ့နိုင်ငံတစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

မေး ။ နိုင်ငံသားတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာ ဘာများရှိပါသလဲ။

ဖြေ။ လောလောဆယ်တော့ တောင်းဆိုစရာဘာမှမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လမ်းကြောင်းအတိုင်း သွားနေတာပဲလေ။ လမ်းကြောင်းအတိုင်း သွားနေတဲ့ကာလပဲရှိသေးတော့ တစ်နေ့နေ့ အဲ့ဒီလမ်းကြောင်းပေါ် ရောက်သွားမယ်လို့ ထင်ပါတယ်၊ ဘာမှတောင်းဆိုစရာမရှိပါဘူး။

မေး ။ နိုင်ငံတော်သမ္မတနဲ့ သွားပြီတော့ တွေ့ဆုံမယ့်အစီအစဉ်ရော ရှိပါသလားရှင့်။

ဖြေ ။ တွေ့ခွင့်ရမယ်ဆိုရင်တွေ့ချင်ပါတယ်။

မေး ။ နိုင်ငံတော်သမ္မတနဲ့ တွေ့တဲ့အခါမှာ ပြောချင်တဲ့ စကားလေးရှိရင် ပြောပြပေးပါ။

ဖြေ ။ သမ္မတကြီးကို ကျေးဇူးတင်တဲ့အကြောင်းပြောချင်တယ်။ ပြီးတော့ ရှေ့ဆက်ပြီး တိုင်းသူပြည်သားတွေရဲ့ အသံတွေကို နားထောင်ပြီးတော့ ဆက်လက်လုပ်ဆောင်ပေးပါလို့ ပြောချင်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း-Sky Net ရုပ်/သံအဖွဲ့သားများ

မေး ။ အစ်မတို့နှစ်ဦးရဲ့ နာမည်ကိုပြောပြပေးပါရှင်။

ဖြေ ။ ကျွန်မနာမည်ကတော့ မိငယ်လို့ခေါ်ပါတယ်။

ဖြေ ။ ကျွန်မနာမည်ကတော့ မွန်မွန်အေးလို့ခေါ်ပါတယ်။

မေး ။ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ။ ဘယ်တုန်းက ရောက်ရှိတာပါလဲ။

ဖြေ ။ ၂၀၀၆ ခုနှစ် မတ်လက ရောက်ရှိခဲ့တာပါ။ အခုဆိုရင် ခြောက်နှစ်ကျော် ခုနစ်နှစ်လောက်ရှိပါပြီ။

မေး ။ ဒီကို ဘယ်လိုပုံစံမျိုးနဲ့ရောက်ရှိလာတာပါလဲရှင်။

ဖြေ ။ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းကနေတစ်ဆင့် တတိယနိုင်ငံသွားဖို့ဆိုပြီး လာခေါ်လို့ရောက်လာတာပါ။ ကျွန်မတို့အနေနဲ့ ရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ သူတို့ကခေါ်တာပါ။

မေး ။ လက်ရှိနေထိုင်မှုအပိုင်းအနေနဲ့ အဆင်ပြေမှုရောရှိပါသလား။

ဖြေ ။ ဟုတ်ကဲ့ အဆင်ပြေပါတယ်။ အခုလောလောဆယ် အဆင်ပြေပါတယ်။ ဒုက္ခသည်စခန်းထဲမှာထက် အများကြီးအဆင်ပြေပါတယ်။

မေး ။ အခုဆိုရင် နိုင်ငံတော်သမ္မတကြီးက ဖင်လန်နိုင်ငံကို ချစ်ကြည်ရေးလာရောက်လည်ပတ်မှုအပေါ် ဘယ်လိုများမြင်ပါသလဲရှင့်။

ဖြေ ။ (မငယ်)ကျွန်မတို့က မြန်မာနိုင်ငံနဲ့ ဝေးနေတာလည်းကြာတော့ သမ္မတကြီးမှ မဟုတ်ဘူး၊ အရင်တုန်းကဆိုရင် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံကို လာလည်မယ်လို့ကြားတော့ အရမ်းတွေ့ချင်တာပေါ့နော်။ သွားလို့ရမယ်ဆိုရင် ဒီကနေသွားလို့ရအောင်ကြိုးစားတယ်။ ဒါပေမယ့် တွေ့ခွင့်ရဖို့မလွယ်ဘူးပြောတယ် ။ အခုကျတော့ သမ္မတကြီးကိုယ်တိုင်ကလည်း ဒီနိုင်ငံရောက်မယ်ဆိုတော့ အရမ်းတွေ့ချင်တာပေါ့နော်။ ကိုယ့်နိုင်ငံကြီးကလည်း ပြောင်းလဲလာတယ်ဆိုတာကို သတင်းတွေထဲမှာ ကြားရတော့ ဝမ်းလည်း ဝမ်းသာတယ်။ ဒီထက်ပိုပြီးကောင်းပါစေလို့လည်း မျှော်လင့်တယ်။ ပြီးတော့ အခုလိုသမ္မတကြီးရောက်လာတော့ အရမ်းတွေ့ချင်တဲ့စိတ်လည်း ဖြစ်တယ်။ ဒါကြောင့် အလုပ်ထဲမှာ ဒီနေ့ဆိုတစ်နေကုန် အလုပ်လုပ်နေရင်းနဲ့ စိတ်က အဲဒီကိုပဲရောက်နေတယ်။ သမ္မတကြီးရောက်လာမယ်ဆိုတဲ့ဟာပဲ စိတ်စောနေတာပေါ့နော်။ အရမ်းတွေ့ချင်တာပေါ့။

ဖြေ ။ (မွန်မွန်အေး) ဝမ်းသာပါတယ်။ စိတ်ကူးယဉ်ခဲ့တာပေါ့။ သမ္မတကြီး ရောက်လာမယ်လို့ပြောတော့ တစ်ချိန်တော့လေယာဉ်ကွင်းမှာ သွားကြိုမယ်၊ ကိုယ်က မြန်မာလိုလေးဝတ်ပြီး သွားကြိုမယ်လို့ စိတ်ကူးယဉ်ခဲ့ပေမယ့် ကျွန်မတို့က အညတရလူသားတစ်ယောက်မို့ ဖြစ်နိုင်မှာမဟုတ်ပါဘူးလို့ ထင်ခဲ့တာပေါ့။ အဲဒီမှာ မနက်ဖြန်တွေ့ရမယ်ဆိုတော့ အရမ်းဝမ်းသာမိတယ်။

မေး ။ နိုင်ငံတော်သမ္မတနဲ့တွေ့ရင် ပြောချင်တဲ့စကားလေးရှိရင် ပြောပြပေးပါ။

ဖြေ ။ (မငယ်) အပြောချင်ဆုံးစကားက ကိုယ့်နိုင်ငံ ပြန်လာမယ်ဆိုရင် လိုလိုလားလားနဲ့ ပြန်လာလို့ရမလားပေါ့။ ကျွန်မတို့အတွက် အာမခံချက်ရှိမလား။ အဲဒါလေးကို အရမ်းမေးချင်တယ်။

ဖြေ ။(မွန်မွန်အေး) တိုင်းပြည်ကို အများကြီးပြောင်းလဲအောင် လုပ်ဆောင်ခဲ့တဲ့ သမ္မတကြီးကို ဝမ်းသာတာပေါ့နော်။ ဒီထက်ပိုပြီးတော့လည်း ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ဘာမှ မလုပ်တတ်ပေမယ့် သူလုပ်တတ်တာကိုပဲ ဝမ်းသာပြီး ဆက်ပြီး ဒီထက်ကောင်းအောင် ဖြစ်စေချင်ပါတယ်။

မေး ။ အခုဆိုရင်ပြန်လာခွင့်လည်း ပြုနေပြီမို့ ဘယ်အချိန် လောက်ပြန်ဖို့ အစီအစဉ်ရှိလဲ။ မြန်မာနိုင်ငံပြန်ဖို့၊ အခြေချနေထိုင်ဖို့ အစီ အစဉ်ရှိလားရှင့်။

ဖြေ ။ (မငယ်)ကိုယ်တစ်ယောက်တည်းအနေနဲ့ကတော့ ပြန်နေဖို့စဉ်းစားထားတယ်။ ဒါပေမယ့် မိသားစုအနေနဲ့ ကလေးတွေကကျတော့ ဒီမှာပဲကြီးပြင်းတာမို့ ဒီကယဉ်ကျေးမှုနဲ့၊ ဒီက ပညာရေးနဲ့ အဆင်ပြေတယ်။ ဒါကြောင့် ဟိုမှာပြန်အခြေချဖို့ကျတော့ အခက်အခဲရှိတာပေါ့။ အဲဒီတော့ ကျွန်မတစ်ယောက်တည်းအနေနဲ့ စဉ်းစားတာတော့ ကျွန်မအရင်ပြန်ပြီးတော့ အခြေချချင်တယ်။ တကယ်ပဲ အာမခံချက်ရှိပြီဆိုရင်တော့ ချက်ချင်းကို ပြန်မှာပါ။

ဖြေ ။ (မွန်မွန်အေး)ပြန်ချင်တယ်။ အမြဲတမ်းစိတ်ကူးထဲမှာ အမြဲတမ်းရှိနေတယ်။ မြန်မာပြည်မှာပဲ ပြန်နေချင်တယ်။

မေး ။ ဒီနေ့ဆိုရင် အစ်မတို့မြန်မာ့အသိုင်းအဝိုင်းက မြန်မာလူမျိုးတွေနဲ့ အချင်းချင်းပြန်တွေ့တာပေါ့နော်။ ဒီနေ့ အစ်မတို့ချက်ကျွေးတဲ့ ထမင်းတွေ၊ ဟင်းတွေကလည်း တကယ်ကောင်းပါတယ်အစ်မ။ ဒီလိုပြန်တွေ့တဲ့အခါ အစ်မတို့ရဲ့ ရင်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ (မငယ်) မတိုင်းမသိ ဝမ်းသာတယ်။ လုံးဝလည်း မမျှော်လင့်ဘူး။ ခုနက ကြားကြားချင်းဆို တကယ်ယုံတောင်မယုံဘူး။ နောက်နေတာလားပေါ့။ ဖုန်းဆက်လာတယ်၊ ထမင်းချက်ထားပေါ့။ ဒီကလာမယ်ဆိုတော့ မညာနဲ့နော်လို့၊ ဖြစ်နိုင်ပါ့မလားပေါ့။ သူက ဟုတ်ပါတယ်တဲ့။ သချ်ာလာမယ်ဆိုတော့ သချ်ာတယ် ဆိုလို့ရှိရင်တော့ အတိုင်းထက်အလွန်ပေါ့။ ကြိုဆိုပါတယ်လို့ အဲဒါဆိုရင် ကောက်ခါငင်ခါပဲ ညီမလေးကိုဖုန်းဆက်ခေါ်၊ ဈေးတွေဘာတွေ ပြေးဝယ်ပြီး အနီးအနားရှိတဲ့ မောင်နှမတွေကိုခေါ်ပြီးတော့ ဝိုင်းပြီး ချက်ပြုတ်ကြတာ၊ဘယ်လိုပြောမလဲ ဒီနေ့တစ်နေ့တာ အလုပ်ထဲမှာ ပင်ပန်းခဲ့တာတွေ၊ ဖိစီးခဲ့တာတွေ မရှိတော့ဘူး ပေါ့နော်။ ဝမ်းသာတာချည်းပဲရှိတယ်လေ၊ စားလို့ကောင်းကြတယ်ဆိုလို့ ဝမ်းသာပါတယ်။ ခရီးတစ်လျှောက် ဥရောပခရီးစဉ်မှာ ထမင်းမစားရဘူးဆိုတော့စိတ်မကောင်းဘူး။ ကိုယ်က ကိုယ်ချင်းစာတယ်။ ဒီမှာနေတာ ၆ နှစ် ၇ နှစ် ရှိတော့မယ်။ တစ်ရက်မှ ထမင်းမပြတ်ပါဘူး။ ကျွန်မတို့က ထမင်းကိုကြိုက်ကြတယ်လေ။ အဲဒါကြောင့် ဝမ်းသာတယ်။ ဒီကိုလာတဲ့အတွက်လည်း ဝမ်းသာတယ်။ ပြီးတော့ စားလို့ကောင်းတယ်ဆိုတဲ့ အတွက်လည်း ဝမ်းသာပါတယ်။

ဖြေ ။ (မွန်မွန်အေး) ဝမ်းသာပါတယ်၊ အကုန်လုံးကို ကြိုဆိုပါတယ်၊ နောက်လည်း လာဦးပေါ့၊ ဖိတ်ခေါ်ပါတယ်။

မေး ။ အစ်မတို့အနေနဲ့ ပြောချင်တဲ့စကားလေးရှိရင်ထပ်ပြီး ဖြည့်စွက်ပြီး ပြောပေးပါဦး။

ဖြေ ။ အင်း တခြားတော့ အထွေအထူး ပြောစရာမရှိပါဘူး။ ဒါပေမယ့် မြန်မာပြည်ပြန်ရောက်တဲ့အချိန်မှာ ပြန်ဆုံချင်ပါသေးတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၃-၂၀၁၃ (တနင်္လာနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၀၀	"အထူးအထွက်တိုး မြေပဲမျိုးသန့် မျိုးပွားစိုက်ခင်းဆီသို့"
၈း၃၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	နေပြည်တော်တပ်ကုန်း (ပြိုင်အင်း၊ ဗျိုင်းအင်းဘုရား၊ သားခိုတောင်)
၂း၅၀	ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ(အမျိုးသား) တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဆီမီးဖိုင်နယ်) (နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း)
၅း၀၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်)
၅း၃၅	"အမှတ် (၁၇) အထွေထွေအကြီးစားစက်ရုံ" (မလွှန်)
၆း၂၀	SEA GAMES လှုံ့ဆော်ရေး ဇာတ်လမ်းတို "ဒေင်ရဲ့ခြေလှမ်း" (မိုးယံဇွန်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-မျိုးထူး)
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း-၂၆)
၇း၁၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း-၂၆)
၈း၀၀	ပြည်တွင်းသတင်း - ပြည်သူတို့ရဲ့ စကားသံများ - " ရယ်စရာတစ်ကွက်စာ" (Mr-Bean ကာတွန်းအစီအစဉ်) - "အေဝမ်းစိုးမြင့်ဝိုင်း သံစုံတူရိယာဖျော်ဖြေခန်း" - "မြန်မာ့ဆန်စက်နှင့် တန်ဖိုးမြင့် စက်ကိရိယာပြပွဲ(၂၀၁၃)"
၁၀း၀၀	ပြည်တွင်းသတင်း - အိန္ဒိယရုပ်ရှင် "ဖုံးကွယ်ခြင်းအမုန်းအချစ်" (အပိုင်း-၂)

ရေကျော်အဆင့်မြင့်ဈေးဆောက်လုပ်ရန် ဆိုင်ခန်းပိုင်ရှင်များအား ဇေယျာမြိုင်ပန်းခြံ၌ ယာယီဈေးချထားပေးမည်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရေကျော်ဈေးဟောင်းအား လူနေအိမ်ခန်းပါ အဆင့်မြင့်ဈေးအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အောင်မြင်ပြည့်စုံကုမ္ပဏီတို့က မကြာမီ စတင်ဆောက်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဈေးဟောင်းကြီးအတွင်း ရောင်းချလျက်ရှိသော မူလဆိုင်ခန်းပိုင်ရှင်များအား YMBA အနီးရှိ ဇေယျာမြိုင်ပန်းခြံအတွင်း၌ ယာယီနေရာချထားပေးရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ မိုးမကျမီပွင့်လင်းရာသီတွင် အမြန်ဆုံးရွှေ့ပြောင်းပေးစေလိုကြောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီဘက်မှလည်း သက်ဆိုင်ရာမှ ခွင့်ပြုချက်ရသည်နှင့် တစ်ပြိုင်တည်း ဆောက်လုပ်ရေးလုပ်ငန်းစဉ် များကို စတင်အကောင်အထည် ဖော်သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိယာယီဈေး နေရာမှာလည်း ဆိုင်ခန်းပိုင်ရှင်များ၏ဆန္ဒနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းများထံ ခွင့်ပြုချက်တင်ပြထားကြောင်း သိရသည်။

(ရွှေထူး)

နေအိမ်တိုင်းမှာ မီးသုံးတာ မြဲစွာသတိ ရှိကြပါ

☆ ဒီမိုကရေစီမှ

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ဖင်
လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်
လုပ်ငန်းများစွာရှိရာ ဖင်လန်နိုင်ငံမှ ကုမ္ပဏီများအ
ရှင်များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လာရောက
ကြောင်း၊ ဖင်လန်နိုင်ငံသမ္မတကြီးအား မြန်မာနိုင်ငံသို့ လ
အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဖင်လန်နိုင်င
များက မေးခွန်းများ မေးမြန်းကြသည်-

မေး။ ။ ဖင်လန်နိုင်ငံ သမ္မတကြီးခင်ဗျား။ မြန်မာနိ
ပတ်သက်ပြီး မည်သို့မည်ပုံ ရှုမြင်ပါသလဲဆိုသည်ကို သိ

ဖြေ။ ။ ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ပေါင
တောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံ
ကြောင်း၊ ဒီမိုကရေစီ တိုးတက်ရန်၊ လူ့အခွင့်အရေး
စိုးမိုးမှုများ တိုးတက်ရန် စသည်ဖြင့် မျှော်လင့်ပါကြေ
အဖွဲ့များနှင့် အတိုက်အခိုက်များ ရပ်စဲရေးအတွက်လ

မေး။ ။ မြန်မာနိုင်ငံ သမ္မတကြီးရှင့်။ ခရီးစဉ်နှင့် ပတ်
ချက်နှင့် ပတ်သက်ပြီး သိလိုပါကြောင်း။

ဖြေ။ ။ မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် နှ
ဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံစက နှစ်နိုင်ငံချစ်
ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်တည်ဆောက်လိုပါကြေ
ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု၊ စီး
အချိန်တိုအတွင်း များစွာကြိုးပမ်းဆောင်ရွက်နေပါကြေ
ခရီးလမ်းတွင် အောင်မြင်မှုရရှိရန်အတွက် မိတ်ဆွေနိုင
အနေဖြင့် ဝိုင်းဝန်းပြီး ကူညီပေးရန် မျှော်လင့်ပြီး ယခုကဲ့

မေး။ ။ ဖင်လန်နိုင်ငံ သမ္မတကြီးခင်ဗျား။ နော်ဝေနိုင်
မှုအတွက် ကတိကဝတ်များ၊ ကူညီပံ့ပိုးမှုများ ပေးခဲ့ပါ

၆၆၀လီတာနှင့် ၂၄၀ လီတာ အမှိုက်ပုံးမှ

ရန်ကုန် မတ် ၃

ရန်ကုန်မြို့တွင် ရှိနေသော ဝါးကပ်အမှိုက်ကန်များတွင် အစား ထိုးသုံးစွဲနိုင်ရန် ၆၆၀ လီတာဆံ့ အမှိုက်ပုံးကြီးများနှင့် ၂၄၀ လီတာဆံ့ အမှိုက်ပုံးငယ်များကို စီစဉ်မှာယူထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အမှိုက်ပုံးတွေ မကြာခင် ရောက်လာမယ်၊ ရောက်လာတာနဲ့ မြို့နယ် စည်ပင်သာယာရေးက

လိုအပ်ချက်ရှိ
နေရာတွေမှာ
တယ်။ အဓိက
အမှိုက်ကန်တွေ
နိုင်ဖို့တော့ စီ
တယ်" ဟု ၎င်း
လီတာဆံ့ ပုံးေ
လီတာဆံ့ ပုံးေ
မှာယူထားခြ
လုပ်ဆောင်ခြ
အတွက် အနံ့အ
အကြေးများမှ
ပတ်ဝန်းကျင်

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ

❖ ပြည်ထောင်စုဖလားမှ

အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အုပ်စုပွဲစဉ်များကို အုပ်စု(၄)အုပ်စုခွဲပြီး ကျင်းပရာ အုပ်စု(က)၌ ကချင်ပြည်နယ် အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင် ပြည်နယ်အသင်းက ကယား ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ် အသင်းကို သုံးပွဲပြတ်စီဖြင့် လည်း

ကောင်း၊ အုပ်စု
ကြီးအသင်းက
အသင်းကို သ
ကောင်း၊ ကရင်
ပဲခူးတိုင်းဒေသ
တစ်ပွဲဖြင့်လည
ပြည်နယ်အသ
ဒေသကြီးအသ
ဖြင့် လည်းကေ
အုပ်စု (ဂ)တွင

☆ ဒီမိုကရေစီမှ

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ဖင်လန်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံအဖြစ် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများစွာရှိရာ ဖင်လန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးနိုင်ကြောင်း၊ ဖိတ်ခေါ်လိုပါကြောင်း၊ ဖင်လန်နိုင်ငံသမ္မတကြီးအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဖင်လန်နိုင်ငံသမ္မတတို့အား သတင်းထောက်များက မေးခွန်းများ မေးမြန်းကြသည်-

မေး။ ။ ဖင်လန်နိုင်ငံ သမ္မတကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး မည်သို့မည်ပုံ ရှုမြင်ပါသလဲဆိုသည်ကို သိလိုပါကြောင်း။

ဖြေ။ ။ ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၆၀ ခန့် အဆက်အသွယ် ပြတ်တောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်ပြီးစတင်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီ တိုးတက်ရန်၊ လူ့အခွင့်အရေးအခြေအနေ တိုးတက်ရန်၊ ဥပဒေစိုးမိုးမှုများ တိုးတက်ရန် စသည်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အတိုက်အခိုက်များ ရပ်စဲရေးအတွက်လည်း ကြိုးစားရန် လိုပါကြောင်း။

မေး။ ။ မြန်မာနိုင်ငံ သမ္မတကြီးရှင့်။ ခရီးစဉ်နှင့် ပတ်သက်ပြီး သမ္မတကြီး၏ မျှော်လင့်ချက်နှင့် ပတ်သက်ပြီး သိလိုပါကြောင်း။

ဖြေ။ ။ မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် နှစ်ပေါင်း ၆၀ နီးပါး ပြည့်တော့မည်ဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံစက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးခဲ့သကဲ့သို့ မိမိတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်တည်ဆောက်လိုပါကြောင်း၊ ဒီမိုကရေစီ ရှေ့ဆက်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ အချိန်တိုအတွင်း များစွာကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းတွင် အောင်မြင်မှုရရှိရန်အတွက် မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖင်လန်နိုင်ငံအနေဖြင့် ဝိုင်းဝန်းပြီး ကူညီပေးရန် မျှော်လင့်ပြီး ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း။

မေး။ ။ ဖင်လန်နိုင်ငံ သမ္မတကြီးခင်ဗျား။ နော်ဝေနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအတွက် ကတိကဝတ်များ၊ ကူညီပံ့ပိုးမှုများ ပေးခဲ့ပါကြောင်း၊ အလားတူ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယူရို ၆ ဒသမ ၅ သန်း ကူညီရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ ဖင်လန်နိုင်ငံသည် အိုင်စီတီကဏ္ဍတွင် များစွာဖွံ့ဖြိုးလျက်ရှိပါကြောင်း၊ အိုင်စီတီကဏ္ဍနှင့် ပံ့ပိုးကူညီမှုများ၊ နောက်တစ်ခါ အီးယူနှင့် မြန်မာနိုင်ငံကြား ပိုမိုတိုးတက်ကောင်းမွန်သည့် ဆက်ဆံရေးများနှင့် ပတ်သက်ပြီး ကူညီပေးမှုများအတွက် အဆွေတော်သမ္မတကြီးထံမှ ကတိကဝတ်များ ကြားသိလိုပါကြောင်း။

ဖြေ။ ။ မြန်မာနိုင်ငံတိုးတက်ရန်အတွက် ၂၀၁၄ ခုနှစ်မှစပြီး ကူညီရန်စီစဉ်ထားပါကြောင်း၊ ပုဂ္ဂလိကအပိုင်းတွင်လည်း ၎င်းတို့၏ ကဏ္ဍအလိုက်ကူညီရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စက်မှုနှင့်ပတ်သက်သည့် အကူအညီများစွာ လိုအပ်နေပါကြောင်း၊ လွန်ခဲ့သည့်နှစ်က နိုင်ငံခြားရေးဒုတိယဝန်ကြီးဦးဆောင်သော ကုမ္ပဏီ ၂၀ လောက်နှင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါကြောင်း၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး၊ ဆက်ဆံရေးတွင်လည်း ပြဿနာမရှိပါကြောင်း၊ ကောင်းမွန်သွားမည်ဟု မျှော်လင့်ပါကြောင်း။

မေး။ ။ လွှတ်တော်မှာ တပ်မတော်ပါဝင်မှုအခန်းကဏ္ဍကို သိလိုပါကြောင်း၊ လက်ရှိမှာတော့ တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်နေကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ လွှတ်တော်မှာ တပ်မတော်ပါဝင်မှု ရှိဦးမလား သိလိုပါကြောင်း။

ဖြေ။ ။ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံ၏ အခြေအနေအရ၊ သမိုင်းကြောင်းနောက်ခံအရ တပ်မတော်၏ အခန်းကဏ္ဍကို ချန်ထား၍ မရပါကြောင်း၊ တိုင်းပြည်အတွက် တပ်မတော်ဘက်မှ တပ်မတော်ကဏ္ဍမှာ ဝိုင်းဝန်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါကြောင်း၊ သို့သော်လည်း တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်ဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သမ္မတမှ ခန့်အပ်ထားသူပင် ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေတွင် တိုင်းပြည်၏သမိုင်းကြောင်းနောက်ခံများကြောင့် လွှတ်တော်၌ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် ယခုလို လွှတ်တော်၌ တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းဖြစ်ပါကြောင်း၊ ဒါတွေကိုလည်း တဖြည်းဖြည်းနှင့် လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် ရှိပါဦးမလား ဆိုသည်ကို ဖြေကြားရန်ခက်ပါကြောင်း၊ တိုင်းပြည်၏အခြေအနေ၊ လွှတ်တော်၏အခြေအနေ၊ နောက်တစ်ခါ ပြည်သူလူထု၏ သဘောထားများအပေါ်တွင် မူတည်သည်ဟု ဖြေကြားလိုပါကြောင်း။

ဘားအံပညာရေးကောလိပ်(၁၅)ကြိမ်မြောက် ဆရာအတတ်ပညာဒီပလိုမာလက်မှတ်အပ်နှင်း

နေပြည်တော် မတ် ၃

ဘားအံပညာရေးကောလိပ်(၁၅)ကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် အဆိုပါကျောင်း သီရိခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ သင်တန်းဆင်းဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ကျောင်းသား ကျောင်းသူများ လေးစားလိုက်နာစေရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာလာစေရေး၊ ကျောင်းဥပဓိရုပ် တိုးတက်ကောင်းမွန်စေရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသားကျောင်းသူများအား ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးရေးနှင့် မိမိတို့၏ အရည်အချင်းကိုလည်း တိုးတက်အောင် အစဉ်အမြဲကြိုးပမ်းနေပြီး ဆရာ့ကျင့်ဝတ်၊ ဆရာ့သိက္ခာနှင့်ညီသည့် ဆရာဆရာမများအဖြစ် ကြိုးစားဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဘားအံပညာရေးကောလိပ်ကျောင်းအုပ်ကြီးက သင်တန်းဆင်းဆရာမလောင်းများအား ဘွဲ့လက်မှတ်များပေးအပ်သည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် ဘားအံမြို့ အတုလသာသနိကဗိမာန်၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် မြတ်ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပူဇော်ပွဲအခမ်းအနားကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ကြီးကြပ်ရေး(ဒိုင်)ဆရာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ညွှန့်ညွှန့်ဝေ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ရွတ်ဆိုပူဇော်ပွဲတွင် တစ်ဦးချင်းအမွှန်းရွတ်ဆိုမှုနှင့် အသင်းလိုက်ရွတ်ဆိုမှုတို့တွင် အကောင်းဆုံးဆုရအသင်းများနှင့် နှစ်သိမ့်ဆုရအသင်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၆၆၀လီတာနှင့် ၂၄၀ လီတာ အမှိုက်ပုံးများ ဝါးကပ်အမှိုက်ကန်များတွင်အစားထိုးမည်

ရန်ကုန် မတ် ၃

ရန်ကုန်မြို့တွင် ရှိနေသော ဝါးကပ်အမှိုက်ကန်များတွင် အစားထိုးသုံးစွဲနိုင်ရန် ၆၆၀ လီတာဆံ့ အမှိုက်ပုံးကြီးများနှင့် ၂၄၀ လီတာဆံ့ အမှိုက်ပုံးငယ်များကို စီစဉ်မှာယူထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အမှိုက်ပုံးတွေ မကြာခင် ရောက်လာမယ်၊ ရောက်လာတာနဲ့ မြို့နယ် စည်ပင်သာယာရေးက လိုအပ်ချက်ရှိတယ်လို့ တင်ပြလာတဲ့ နေရာတွေမှာ စီစဉ်ချသွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဝါးကပ်အမှိုက်ကန်တွေနေရာမှာ အစားထိုးနိုင်ဖို့တော့ စီစဉ်ထားတာ ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။ ၆၆၀ လီတာဆံ့ ပုံးပေါင်း ၈၀၀ နှင့် ၂၄၀ လီတာဆံ့ ပုံးပေါင်း ၁၈၀၀ ကို စီစဉ်မှာယူထားခြင်းဖြစ်ပြီး ယင်းကဲ့သို့ လုပ်ဆောင်ခြင်းမှာ ပတ်ဝန်းကျင်အတွက် အန့်အသက်ဆိုးနှင့် အညစ်အကြေးများမှ ကင်းဝေးစေကာ ပတ်ဝန်းကျင်ညစ်နွမ်း ထိခိုက်မှုများမှ ကင်းဝေးစေမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် အမှိုက်ကန် အများအပြားရှိပြီး အုတ်ဖြင့်ပြုလုပ်ထားသော အမှိုက်ကန်များရှိသလို ဝါးကပ်ဖြင့်ပြုလုပ်သည့် အမှိုက်ကန်များလည်း ရှိပြီး ယခုအစီအစဉ်သည် ဝါးကပ်အမှိုက်ကန်များကို ဖျက်သိမ်းဖယ်ရှားနိုင်ပါရန် စီစဉ်ခြင်းလည်းဖြစ်သည်။ အဆိုပါဝါးကပ်အမှိုက်ကန်များသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် စုစုပေါင်း ၁၀၀ကျော် ရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သုံးခွမြို့နယ် ယာလုပ်ငန်းခွင်သို့ အညာမှယာလုပ်သားများရောက်ရှိ

သုံးခွ မတ် ၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကျေးရွာအသီးသီးသို့ ပဲတီစိမ်းများ ဆွတ်ခူးရန် အညာဒေသမှ ယာလုပ်သားများ တဖွဲဖွဲရောက်ရှိလျက်ရှိပြီး အများးစုမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။ ယခုအချိန်သည် ပဲတီစိမ်းများ နေရာဒေသအလိုက် ဖြိုင်ဖြိုင်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ပဲတီစိမ်းဆွတ်ခူးရန် အချိန်ရောက်နေသော်လည်း ပဲတီစိမ်းဆွတ်ခူးသူများ မလာရောက်သေး၍ အခက်အခဲ ဖြစ်နေသူများလည်း ရှိကြောင်း သိရသည်။ ပဲသီးလာခူးသူများမှာ အညာဒေသရှိ ကျေးရွာများမှ အများစုဖြစ်ကြောင်း သိရသည်။ ယာလုပ်သား အုပ်စုတစ်စုကို သုံးခွမြို့ ဗာဒံပင်ဆိပ်လမ်းတွင် မေးမြန်းကြည့်ရာ ၎င်းတို့သည် စစ်ကိုင်းတောစွန်းကျေးရွာရှိ ကိုစန်းဝင်းမိသားစု၏ လယ်ဧက ၁၀၀ ကျော်မှ ပဲများခူးရန် မကွေးတိုင်း နတ်မောက်မြို့နယ် ဝါးရုံကုန်းကျေးရွာမှ လာရောက်ခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ၃၇ ဦးရှိကြောင်း ပြောသည်။ ယမန်နှစ်က ပဲသီးခူးချိန်မှာ ရက် ၂၀ ကျော်ကြာကြောင်း၊ ပဲသီးခူးသူ တစ်ဦးလျှင် ငါးသောင်းကျော်ရကြောင်း၊ ယခုနှစ်ပါဆိုလျှင် ပဲလာခူးသည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း ၎င်းတို့၏ ပြောကြားချက်အရ သိရှိရသည်။ အသွားအပြန်စရိတ်နှင့် စားစရိတ်များနုတ်လျှင် အမြတ်သိပ်မကျန်ကြောင်း မရောက်ဖူးသေးသော အောက်မြန်မာပြည်သို့ ရောက်ရှိပြီး ဘုရားဖူးရသည်မှာ အမြတ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

သုံးခွမြို့နယ်တွင် ပဲစိုက်ဧက စုစုပေါင်း ၁၂၄၉၁၇ ဧကရှိပြီး မတ် ၃ ရက် ပေါက်ဈေးမှာ တစ်တင်း (ပိဿာ ၂၀)လျှင် ကျပ် ၂၅၂၀၀ ဖြစ်ကြောင်း သိရသည်။

ကိုကျော်ဆန်း(သုံးခွ)

မီးဘေးရှောင် မလောင်ခင်တား

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၏ အမျိုးသား တိုက်ကွမ်ဒို ယှဉ်ပြိုင်စဉ်။

❖ **ပြည်ထောင်စုဖလားမှ**

အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း အုပ်စုပွဲစဉ်များကို အုပ်စု(၄)အုပ်စုခွဲပြီး ကျင်းပရာ အုပ်စု(က)၌ ကချင်ပြည်နယ် အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်စီဖြင့် လည်းကောင်း၊ အုပ်စု(ခ)၌ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ် အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး အုပ်စု (ဂ)တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်အနိုင်ရရှိကြပြီး အုပ်စု(ဃ)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲတစ်ပွဲဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ဘတ်စကတ်ဘော အုပ်စုပွဲစဉ်နှင့် အမျိုးသမီးဘတ်စကတ်ဘော ပတ်လည်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကြရာ အမျိုးသား ဘတ်စကတ်ဘော အုပ်စုပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃၆-၇၁ ဖြင့် အနိုင်ရပြီး ရန်ကုန်တိုင်းဒေသကြီး အသင်းက ချင်းပြည်နယ်အသင်းကို ၈၄-၃၈ ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၄၉-၃၃ ဖြင့် အနိုင်ရရှိခဲ့ကြသည်။ အမျိုးသမီး ဘက်စကက်ဘော ပတ်လည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၆၆-၁၃ ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်ထောင်စုဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ကျင်းပရာ Weight Male Fin (-54 kg) တန်းအတိုက်ပြိုင်ပွဲတွင် နိုင်ဒွေးရှိန်(ကယားပြည်နယ်)က ပထမရရှိပြီး အေးချမ်းဝေ(ကချင်ပြည်နယ်)က ဒုတိယနှင့် ဇော်လင်းနိုင် (ပဲခူးတိုင်းဒေသကြီး)နှင့် ပြည့်ဖြိုးကျော် (ရန်ကုန်တိုင်းဒေသကြီး) တို့နှစ်ဦးက ပူးတွဲတတိယရရှိသည်။ Weight Female Bantan (-53 kg)တန်း အတိုက်ပြိုင်ပွဲတွင် မေစန္ဒာကျော်ဝင်း (ရန်ကုန်တိုင်းဒေသကြီး)က ပထမရရှိပြီး ဒီဇင်ဘာဦး(ကယားပြည်နယ်)က ဒုတိယနှင့် သွင်ထူးဝေ (ကရင်ပြည်နယ်)နှင့် နှင်းဝေဝေအေး (ရှမ်းပြည်နယ်) တို့က ပူးတွဲတတိယ ရရှိခဲ့သည်။

Weight Female Bantan (-63kg) တန်း အတိုက်ပြိုင်ပွဲတွင် မျိုးမင်းသူ (ပဲခူးတိုင်းဒေသကြီး) က ပထမနှင့် စောမင်းနိုင် (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ သန့်ဇင်ဝင်း (ချင်းပြည်နယ်) နှင့် သီဟခိုင်စိုး (ကယားပြည်နယ်)တို့က ပူးတွဲတတိယရရှိခဲ့ကြသည်။

Weight Female Light (-62 kg) အတိုက်ပြိုင်ပွဲတွင် ဗစ်တိုးရီယား(ကယားပြည်နယ်)က ပထမဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး မိုးပွင့်ဖြူ (စစ်ကိုင်းတိုင်းဒေသကြီး)က ဒုတိယနှင့်ဆွေဇင်ဝင်း(ပဲခူးတိုင်းဒေသကြီး) က တတိယ ရရှိခဲ့သည်။

အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ သော်ဇင်ဟန် (ရန်ကုန်တိုင်းဒေသကြီး)က ပထမရရှိပြီး ဆန်းရှိုင်း (ကယားပြည်နယ်) က ဒုတိယနှင့် ငြိမ်းချမ်းနောင် (ကချင်ပြည်နယ်)နှင့် ချမ်းလင်းထွန်း(ချင်း)တို့က ပူးတွဲတတိယတို့ကို ရရှိခဲ့ကြသည်။ အမျိုးသမီး တစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင် ယမင်းကေခိုင် (ရန်ကုန်တိုင်းဒေသကြီး)က ပထမရရှိပြီး နိုးနိုးမော်(ကယားပြည်နယ်)က ဒုတိယနှင့် သွင်ထူးဝေ(ကရင်ပြည်နယ်)နှင့် ငြိမ်းသဇင် (မွန်ပြည်နယ်) တို့က ပူးတွဲတတိယကို အသီးသီးဆွတ်ခူး ရရှိခဲ့ကြသည်။

ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ အုပ်စုပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

ဆောင်းပါးရှင်အဘော်

တစ်မျိုးသားလုံး အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံစေလို

ပြည်သူတစ်ဦး

ယနေ့နိုင်ငံတော်။ ဒီမိုကရေစီစနစ်နှင့်အညီ ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲနေသော အစိုးရသစ်။ ပြည်သူများဘဝသာယာဝပြောပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော စီးပွားရေးကဏ္ဍကို အထူးအလေးထားကာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသော ယနေ့ အသွင်ကူးပြောင်းရေးကာလကို တစ်ကမ္ဘာလုံးမှ အချိန်နှင့်အမျှ စိတ်ဝင်တစားစူးစမ်း လေ့လာမှုများ ပြုလုပ်နေသည်။ ကမ္ဘာ့နိုင်ငံအချို့မှ ၎င်းတို့ နိုင်ငံအလိုက် အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများအား မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် Media၊ Internet Website များမှလည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် နိုင်ငံအတွင်း လာရောက်၍ ရင်းနှီးမြှုပ်နှံလိုသည့် ကဏ္ဍအလိုက် အကြိုလေ့လာမှုများ (Surveys)ပြုလုပ်၍ လည်းကောင်း လှုပ်ရှားနေကြသည်။

နိုင်ငံတွင်ကျိုးရုံတင်သာမက ခေါက်ရိုးဆွေးပြီး တစ်မျိုးသားလုံးအတွက် အကျိုးဖြစ်ထွန်းမှု လွန်စွာနည်းပါးသော (စနစ်ဆိုး) စနစ်ဟောင်းစီးပွားရေး မူဝါဒနှင့် လုပ်ငန်းစဉ်များကို အစိုးရသစ်အနေဖြင့် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ သံယောဇဉ်ဖြတ်ကာ ဒီမိုကရေစီနိုင်ငံများတွင် ခံယူကျင့်သုံးလေ့ရှိသော ပြည်သူဗဟိုပြု စီးပွားရေးစနစ်ကို ပြည်တွင်းမှ စီးပွားရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များသာမက မိမိတို့နိုင်ငံအပေါ် စီးပွားရေးကဏ္ဍမှ ကူညီဖေးမပေးလိုသော နိုင်ငံများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံကောင်း၊ ဉာဏ်ကောင်းများကို ရယူ၍ တစ်မျိုးသားလုံး ထာဝရအကျိုးရှိစေမည့်အရေး မြော်တွေးလုပ်ဆောင်တော့မည်။ စီးပွားရေးအသွင် ကူးပြောင်းမှုအား မှန်မှန်နှင့်မြန်မြန် စတင်ပြောင်းလဲ မောင်းနှင်နေသည်ကို တွေ့မြင်နေရသည့်အတွက် မကြာမီပြောင်းလဲမှုကြောင့် ဖြစ်ထွန်းလာမည့် အောင်မြင်မှု အသီးအပွင့်များ စတင်တွေ့ရှိရတော့မည်ဟု ထင်မြင်မိပါသည်။

နိုင်ငံခြားတိုင်းပြည်များမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်တစား အထူးလေ့လာမှုများ ပြုလုပ်နေခြင်းမှာ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းအလိုက် ၎င်းတို့ အကြိုက်တွေ့နိုင်မည့် အခြေခံကျသော ကုန်ကြမ်း၊ ရေခံမြေခံနှင့် သဘာဝအရင်းအမြစ်များကို တွေ့ရှိနေပြီဆိုသည့် အချက်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။ အစိုးရသစ်အနေဖြင့်လည်း ပြည်သူဗဟိုပြုစီးပွားရေးစနစ်အား စတင်ပြောင်းလဲကျင့်သုံးသည်နှင့် တစ်ပြိုင်နက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများစုအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီစဉ်ပေးသည့်အပြင် တိုင်းပြည်တွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာစေရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ (Small and medium Enterprises) အား လုပ်ကိုင်ဆောင်ရွက်ရန် အဆင်ပြေနိုင်သည့် ပြည်တွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖြစ်ပေါ်ထွန်းကားလာစေရန် အထူးအလေးထား အားပေးကူညီထောက်ပံ့မှုများ (Supports and Encourages) ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ပြည်သူတစ်ဦးအနေဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုမိပါသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံများအနက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော ပြည်နယ်အဆင့်သာရှိသည့် ယူနန်ပြည်နယ်တွင် အသေးစား၊ အလတ်စားပင်မက အကြီးစားစက်မှုလက်မှုလုပ်ငန်းများတွင် မည်ရွေ့မည်မျှ ဖြစ်ပေါ်ထွန်းကားနေသည်ကို မိမိတစ်နိုင်ငံလုံးရှိ ပြည်သူများ နိစ္စဓူဝသုံးစွဲနေသော အခြေခံသုံးကုန်မှစ၍ လယ်ယာသုံး စက်ကိရိယာအလတ်စားနှင့် အကြီးစား စက်အရန်ပစ္စည်းအဆုံး ဈေးကွက်အားလုံး၏ ၇၀ ရာခိုင်နှုန်းနီးပါးအား လွှမ်းမိုးထိန်းချုပ်ထားသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ခေတ်နောက်ကျကျန်ခဲ့သော လယ်ယာ၊ သားငါးကဏ္ဍနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာရန် အထူးလိုအပ်သည်ဟု ထင်မြင်မိပါသည်။ ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအားလုံးသည် နိုင်ငံတော်မှ အထူးအလေးထားအားပေးမှုအပေါ် အခြေခံ၍ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ စက်မှုလုပ်ငန်းရှင်များ၊ အသိပညာ အတတ်ပညာရှင်များထံမှ လုပ်ငန်းနှင့်ပတ်သက်သည့် အတွေးအခေါ်၊ အကြံဉာဏ်၊ နည်းပညာ၊ တီထွင်ဖန်တီးနိုင်မှုအစ ဈေးကွက်ရှာဖွေရောင်းချပုံအဆုံး လိုအပ်သော ပညာရပ်များရရှိစေရန်အတွက် ကောင်းမွန်စွာ ချဉ်းကပ်ရယူသင့်ပါသည်။ လုပ်ငန်းအား ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်လိုပါက ပြည်တွင်းတွင်ရှိနှင့်နေပြီးသားဖြစ်သော အတွေ့အကြုံနုနယ်သော်လည်း လုပ်ကိုင်ဆောင်ရွက်လိုစိတ်ပြင်းပြနေသော အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပေါကြွယ်လှသော လုပ်သားအင်အားများဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်မှ ရင်ဆိုင်နေရသည့် အလုပ်လက်မဲ့ပြဿနာကို တစ်စိတ်တစ်ပိုင်းဖြေရှင်းပေးနိုင်သည့်အပြင် ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းကျဆင်းလာမည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း ခေါက်ရိုးကျိုး၊ ခေါက်ရိုးဆွေး စနစ်ဆိုး စီးပွားရေးလမ်းစဉ်၏ အမွေဆိုးများဖြစ်သော မိမိသာအကျိုးရှိ၍ တိုင်းသူပြည်သားတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံးအကျိုးမရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုမျိုး မရွေးမိဖို့လိုမည်။ မြေ၊ ရွှေ၊ ငွေ၊ ကားများကို ပြည်သူများတဒင် စိုးရိမ်စိတ်ဖြင့် ဝယ်ယူစုဆောင်းလိုစိတ်များ ဖြစ်ပေါ်လာအောင် တစ်ဖက်လှည့် အလံရှူး စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပြီး ဈေးနှုန်းအတက်အကျဖြစ်ပေါ်အောင် အမြတ်အစွန်းရယူ ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းများအား သံယောဇဉ်ဖြတ်ချိန်တန်ပြီ ဖြစ်ပါသည်။

ဤကဲ့သို့ တင်ပြရခြင်းမှာ နိုင်ငံခြားသားများ ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အကြိုလေ့လာမှုများ ပြုလုပ်သည့် ယနေ့အခါ ပြည်တွင်းရှိ မြေဈေးများသည် နိုင်ငံခြားသားများအတွက် သံသယဖြစ်စရာ ဈေးကွက်မဖြစ်ဖို့လိုသည်။ ဆယ်စုနှစ်ချီ၍ အမှန်တကယ်နေထိုင်ရန်နှင့် စားသောက်၊ ဝတ်ဆင်အသုံးပြုရန် ဝယ်ယူနေရသော ပြည်သူများအနေဖြင့် အမှန်တကယ်ဖြစ်သင့်သည့် ဈေးကွက်ထက်ပိုမို မြင့်မားသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနေရခြင်း၊ ကြီးမားသော ငွေကြေးဖောင်းပွမှုဒဏ်ကို ဆယ်စုနှစ်ချီ၍ ရင်ဆိုင်ခံစားခဲ့ရသည်။ လွဲမှားစွာရင်းနှီးမြှုပ်နှံပြီး ပြည်တွင်း ဈေးကွက်အား ခနအင်အားဖြင့် ထိန်းချုပ်ထားသော လုပ်ငန်းရှင်ကြီးများအား ပြည်တွင်း၌သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်လျှောက်လှမ်းနိုင်မည့် အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises) ဘက်သို့ ပြောင်းလဲရင်းနှီးမြှုပ်နှံ စေလို၍ ဖြစ်ပါသည်။

အနာဂတ် နိုင်ငံတော်ကို ဖွံ့ဖြိုးဆဲ စက်မှုနိုင်ငံတစ်ခု ဖြစ်ထွန်းလာစေရန်အတွက် အစိုးရသစ်၏ ပြောင်းလဲကျင့်သုံးမောင်းနှင်နေသော ပြည်သူဗဟိုပြု စီးပွားရေးစနစ်အပေါ် အခြေခံ၍ ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အစပြုကာ ပြည်သူတစ်ရပ်လုံး၏ စွမ်းပကားဖြင့် စစ်မှန်တည်ငြိမ်ပြီး တစ်မျိုးသားလုံး အကျိုး ဖြစ်ထွန်းစေမည့် စီးပွားရေးအသိုက်အဝန်းတစ်ခု အမြန်ဆုံး ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မှန်မြတ်သော စိတ်စေတနာ ကောင်းဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

ဘတ်စ်ကားများမှ စည်းကမ်းဖောက်ဖျက်နေပါက အင်တာနက်မှတစ်ဆင့် တိုင်ကြားနိုင်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်းပြေးဆွဲနေသော ဘတ်စ်ကားများမှ ပြိုင်မောင်းခြင်း၊ လမ်းကြောလုမောင်းခြင်း၊ ပြောင်းပြန်မောင်းခြင်း၊ မှတ်တိုင်ကျော်မောင်းခြင်း၊ သတ်မှတ်နှုန်းထက်ပိုမောင်းခြင်း၊ သတ်မှတ်နှုန်းထက် ကားခပိုတောင်းခြင်း၊ မှတ်တိုင်တွင် စောင့်နေကြသော ခရီးသည်များ လိုက်ပါ၍ရအောင် ကားရပ်မပေးခြင်း၊ အထူးကားများတွင် လူပိုတင်ခြင်း၊ မချေမငံရိုင်းစိုင်းစွာပြောဆိုခြင်း၊ သတ်မှတ်လမ်းကြောင်းအတိုင်းမမောင်းဘဲ၎င်းတို့မောင်းချင်သောလမ်းများမှ မောင်းနှင်ခြင်း၊ ကားအားရပ်ချင်သောနေရာတွင် ရပ်ခြင်းများအပြင် ကားပေါ်မှ ခရီးသည်များအား အတင်းအားအဓမ္မ ဆွဲချခြင်းနှင့် အခြားသော ကိစ္စရပ်များတွေ့ကြုံရပါက အီးမေးလ်လိပ်စာ (Email; kyawthiha.john@mhtcentral.org.mm)သို့ ကားနံပါတ်၊ ယာဉ်မောင်းအမည်၊ ယာဉ်နောက်လိုက်အမည်၊ အချိန်၊ နေရာများကိုဖော်ပြ၍ မထသ(ဗဟို)သို့ တိုင်ကြားနိုင်ပြီး တိုင်ကြားလာသော ကိစ္စရပ်များနှင့်ပတ်သက်၍ (ဗဟို)သို့ တင်ပြကာဖြေရှင်းဆောင်ရွက်မှုများအား www.mhtcentral.org.mm ဝက်ဘ်ဆိုက်တွင် ဖော်ပြထားမည်ဖြစ်ပါ၍ ကြည့်ရှုနိုင်ပါကြောင်း ဂျာနယ်တစ်ခုတွင်တွေ့ရပါ၍ ပြည်သူများ နိစ္စဓူဝ တွေ့ကြုံနေရသော အခက်အခဲကြီးတစ်ခုအား ဖြေလျှော့သောအားဖြင့် သိရှိဆောင်ရွက်နိုင်ရန် ထပ်ဆင့်မျှဝေပေးလိုက်ရပါသည်။ ထို့ကြောင့် ဘတ်စ်ကားများမှ စည်းကမ်းဖောက်ဖျက်နေပါလျှင် ခေတ်နှင့်အညီ အင်တာနက်မှတစ်ဆင့် တိုင်ကြားနိုင်ပါကြောင်း။ (၆၉၀)

AYEYARWADY BANK
your trusted partner

ဧရာဝတီဘဏ်လီမိတက် ၏
ရန်ကုန်ဘဏ်ခွဲ(၇)ဝါးတန်း ကို
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက် (ကြာသပတေးနေ့)တွင် ဖွင့်လှစ်လိုက်ပြီး
အထွေထွေဘဏ် ဝန်ဆောင်မှုများအား စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းနှင့်
မကြာမီ ဧရာဝတီဘဏ် မကွေးဘဏ်ခွဲအား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း
မိတ်ဆွေပြည်သူ အပေါင်းအား ဝမ်းမြောက်စွာ သတင်းကောင်းပါးအပ်ပါသည်။

♣ ♣ ♣ ♣ ♣ ♣

ရန်ကုန်ဘဏ်ခွဲ(၇)ဝါးတန်း
အမှတ်(၁၅၁)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၅၁ - ၂၃၀၀၃၃၂ ~ ၃၃၊ ၂၃၀၀၅၄၂ ~ ၄၆၊ ၂၃၀၀၃၃၃၊ ၂၃၀၀၄၄၄
ဖက်(စ်) - ၉၅၁ - ၂၃၀၀၅၄၀၊ ၂၃၀၀၅၄၁

တိုးတက်မှုနှင့်တစ်ပြေးညီ
စိတ်ချယုံကြည်
ဧရာဝတီ

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၀၀၀၂၃၊ ၅၃၀၀၇၈-၉ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၃၃၉၃
www.ayabank.com

ကမ္ဘာလှည့်ကားမောင်းခရီးသည်များ မိတ္ထီလာဖြတ်

မိတ္ထီလာ မတ် ၃

Journeys Nature And Culture ခရီးသွားလုပ်ငန်းကုမ္ပဏီ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံအခြေစိုက် The Sea Bridge For Motorhome အဖွဲ့ဝင် ၅၄ ဦးသည် မော်တော်ယာဉ် ၂၉ စီးဖြင့် မတ် ၁ ရက် နံနက် ၉ နာရီခွဲတွင် မိတ္ထီလာမြို့မှဖြတ်သန်း၍ ကလောမြို့သို့ ထွက်ခွာသွားခဲ့သည်။**(အောက်ပုံ)**

အဆိုပါအဖွဲ့တွင် ဂျာမနီနိုင်ငံသား ၄၄ ဦး၊ ဆွစ် လေးဦး၊ ဩစတြေးလျနိုင်ငံသား တစ်ဦး၊ နယ်သာလန်နိုင်ငံသား နှစ်ဦး၊ ဗြိတိန်နိုင်ငံသားနှစ်ဦးနှင့် အီရန်နိုင်ငံသား တစ်ဦး ပေါင်း ၅၄ ဦးပါဝင်ပြီး မော်တော်ယာဉ် ၂၉ စီးဖြင့် မန္တလေးမှတစ်ဆင့် ကလောမြို့သို့ သွားရောက်ခြင်းဖြစ်သည်။ ယင်းကမ္ဘာလှည့်ကားမောင်းအဖွဲ့သည် ကလော၊ အင်းလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့များမှ မဲဆောက် ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ဆက်လက် ထွက်ခွာသွားမည်ဖြစ်သည်။

ထိုကမ္ဘာလှည့် ကားမောင်းခရီးသည်များအား မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲမြင့်၊ လက်ထောက်မန်နေဂျာ ဦးစန်းလှိုင်၊ Journeys Nature And Culture ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးတင်ဝင်း (ခ) အမ်းဗဟာဒူးနှင့် ညှိလမ်းညွှန် ဦးသန်းမောင်တို့ ကြိုးကြပ်လိုက်ပါလာသည်။ နိုင်ငံခြားသားခရီးသည်များက ၎င်းတို့ကြားသိထားသော မြန်မာနိုင်ငံနှင့် ယခုမျက်မြင်တွေ့နေရသော မြန်မာနိုင်ငံသည် အပြောတခြား လက်တွေ့တခြားဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရသဖြင့် အလွန်အံ့ဩဝမ်းသာကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် အလွန်ဖော်ရွေစွာဖြင့် ပြုံးချိုစွာ ဆက်ဆံတတ်ပြီး နိုင်ငံခြားသားများကို အထူးကူညီကြသဖြင့် ကမ္ဘာတွင် အလွန်ရှားပါးသော လူမျိုးဖြစ်ကြောင်း၊ မြန်မာများက ယခုကမ္ဘာလှည့် ကားမောင်းသမားများအား ခင်မင်ရင်းနှီးစွာဖြင့် အစားအသောက်များ၊ အချိုရည်များ၊ ရေသန့်ဘူးများ အခမဲ့ဝေငှပေးခြင်းကြောင့် အထူးကျေးဇူးတင်ဝမ်းသာကြောင်း ယာဉ်မောင်း အမျိုးသမီးတစ်ဦးက ဖွင့်ဟပြောကြားသည်။

(တင်လှိုင်-မိတ္ထီလာ)

မထသ ၂၁၃ အထူးလိုင်း ဆူးလေမှ လှည်းတန်းဘက်အသွား လမ်းကြောင်းပြောင်းလဲ

ရန်ကုန် မတ် ၃

မထသ ၂၁၃ (အထူး)ယာဉ်လိုင်းသည် ဆူးလေမှ လှည်းတန်းဘက်သို့သွားရာ လမ်းကြောင်းတွင် လမ်းကြောင်းပြောင်းလဲ ပြေးဆွဲပေးနေပြီဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းမှ သိရသည်။

ထိုယာဉ်လိုင်းသည် ဒဂုံတက္ကသိုလ်တွင် အခြေပြု၍ လက်ဝဲရစ်၊ လက်ယာရစ်လမ်းကြောင်းများဖြင့် ရန်ကုန်မြို့လယ်ဧရိယာကို ဖြတ်သန်းကာ ပြေးဆွဲနေခြင်းဖြစ်သည်။ ဆူးလေမှ လှည်းတန်းဘက်သို့အသွားတွင် ယခင်က အနော်ရထာလမ်းတစ်လျှောက် သခင်မြပန်းခြံရှေ့မှဖြတ်၍ ဆင်မလိုက်အဝေးပြေးအနီးမှ လှည်းတန်းဘက်သို့ ပြေးဆွဲခြင်းဖြစ်သည်။ ယခုပြောင်းလဲလိုက်သော လမ်းကြောင်းမှာ သခင်မြပန်းခြံဘေးမှဖြတ်ကာ အောက်ကြည့်မြင်တိုင်လမ်းအတိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာနရှေ့မှဖြတ်ကာ အထက်ကြည့်မြင်တိုင်လမ်း၊ စလင်းကွင်း၊ နတ်စင်လမ်း၊ ဟံသာဝတီမီးရထားဘူတာရုံအနီး အရိုးရောဂါကုဆေးရုံကြီးရှေ့မှဖြတ်ကာ ဆင်မလိုက်အဝေးပြေးဘက်မှ လှည်းတန်းဘက်သို့ ပြေးဆွဲခြင်းဖြစ်သည်။

"တစ်လိုင်းလုံး ဒီလိုလမ်းကြောင်းပြောင်းဆွဲတာပါ။ စပြီး ပြေးဆွဲရတဲ့ရက်ကဆိုရင် ခရီးသည်တွေက မသိကြတော့သိပ်မစီးကြဘူး။ ၃၃ တို့၊ ၃၄(အထူး)တို့၊ ၂၁၀ တို့လောက်ပဲ စီးကြတာ။ ခုတော့ စီးတဲ့သူလည်းများလာပါပြီ"ဟု ယာဉ်လုပ်သားတစ်ဦးက ကြေးမုံသတင်းအဖွဲ့သို့ ပြောသည်။

ခရီးသည်များအနေဖြင့်လည်း မှားယွင်းစီးနင်းမိခြင်းမျိုးမဖြစ်စေရန် ယာဉ်ရှေ့ပိုင်းလေကာမှန်တွင် ကြည့်မြင်တိုင်အပေါ်လမ်းဟူသော စာတန်းကို အပြာရောင်ကတ်ပြားဖြင့် ချိတ်ဆွဲပေးထားလျက်ရှိသည်။

ထိုယာဉ်လိုင်းသည် ဒဂုံတက္ကသိုလ်တွင်အခြေပြုကာ ရန်ကုန်မြို့တွင်းသို့ လှည့်ပတ်ပြေးဆွဲရာတွင် ဒဂုံတက္ကသိုလ်-(၇/၈) လမ်းဆုံ-ဘေလီ-ကမ္ဘာအေး-ရှစ်မိုင်-သမိုင်း-လှည်းတန်း-ဆင်မလိုက်- ကြည့်မြင်တိုင်အပေါ်လမ်းတစ်လျှောက်ဖြစ်သော ဟံသာဝတီဂိတ်ဟောင်း- စလင်းကွင်း-ညဈေး- ကြည့်မြင်တိုင်ဘူတာ- ဆင်မင်းဈေး- သခင်မြပန်းခြံ- ဗဟိုရ်စည်- ဗိုလ်ချုပ်လမ်းအတိုင်း ပုဇွန်တောင်ဈေး- အောဘီစီ- သုဝဏ္ဏ- စံပြဈေး- တောင်မြောက် လမ်းဆုံ- မဝတလမ်းဆုံတို့မှ ဒဂုံတက္ကသိုလ်အထိ လည်းကောင်း၊ သုဝဏ္ဏဘက်မှ ပတ်သောလိုင်းတွင် ဒဂုံတက္ကသိုလ်-(၇/၈) လမ်းဆုံ-တောင်မြောက်လမ်းဆုံ- စံပြဈေး- သုဝဏ္ဏ- အောဘီစီ- ပုဇွန်တောင်ဈေး- လမ်း (၅၀)- အနော်ရထာလမ်းအတိုင်း- ကြည့်မြင်တိုင်(အပေါ်)လမ်းဘက်တက်၍ လှည်းတန်းမှ ဒဂုံတက္ကသိုလ်အထိ ပြေးဆွဲနေခြင်းဖြစ်ပြီး ယာဉ်စီးခကို ပုံသေ ၂၀၀ ကျပ်သတ်မှတ်ထားသည်။

အလုံ၊ ကြည့်မြင်တိုင် အပေါ်ဘက်တွင် နေထိုင်သော တက္ကသိုလ်ကျောင်းသားကျောင်းသူများအနေဖြင့် ဒဂုံတက္ကသိုလ်သို့ ကျောင်းတက်သွားရောက်ရာတွင် အဓိပတိ (အဝါရောင်) ယာဉ်လိုင်းတစ်ခုတည်းကိုသာ အားကိုးရသော်လည်း ၂၁၃ (အထူး)လိုင်းမှ ကြည့်မြင်တိုင်အပေါ်လမ်းသို့ ပြောင်းလဲပြေးဆွဲပေးလာခြင်းကြောင့် အားထားစီးနင်းရာယာဉ်လိုင်းတစ်ခု တိုးလာသကဲ့သို့ ဖြစ်ကြောင်း၊ ဆူးလေဘက်မှ အလုပ်ဆင်း၍ အိမ်ပြန်ကြသော ခရီးသည်များအတွက်လည်း အားထားစီးနင်းစရာ ယာဉ်လိုင်းတိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သကြၤန် မှာ ပျော်ပျော် ပါးပါး
"တိုးဒီ" နဲ့ အတူတူ ခရီးသွားကြစို့...
ထိုင်း ဒီ နဲ့ GO ပြီ!
23-March, 12/13-April
● မန္တလေး~ဗန်ကောက်~မန္တလေး (၅ညအိပ်၊ ၆ရက်)
● ဗန်ကောက်~အယုဒ္ဒယ~ပတ္တရား (၅ညအိပ်၊ ၆ရက်)
● ဖူးခက်~ဖီဖီကျွန်း~ဂျိမ်း(စ်)ဘွန်းကျွန်း (၅ညအိပ်၊ ၆ရက်)

မိန်းဝင်းနှင့်ရောင်းရင်းများ
ဘုရားဖူးခရီးသွားတစ်ခေတ်ဆန်းပြီး "မိန်းဝင်းနှင့်ရောင်းရင်းများအဖွဲ့"မှ
"ကိမ်ရိုရို စေတိုင်ကျကျ" ဘုရားဖူးခရီးသွားလိုသူများအတွက်
ဆီွဒင်နိုင်ငံထုတ် Business Class, Economy Class (နှစ်ထပ်ကား) 2 Plus 1 (အထူးကား)
SCANIA ကားသစ်ကြီးများနှင့် ရွှေစက်တော်ခရီးစဉ် ကို (၈-၃-၂၀၁၃)ရက်နေ့မှစ၍
အပတ်စဉ် (အင်္ဂါ၊ သောကြာ)နေ့တိုင်း ပို့ဆောင်ပေးပါမည်။ (ကြိုတင်လက်မှတ် ဝယ်ယူနိုင်ပါပြီ)
▲ကျိုက်ထီးရိုး - ချောင်းသာ(နေ့စဉ်) ▲ဖလ္လန်(တနင်္ဂနွေ) ▲အထက်မြန်မာပြည်ရက်ရှည်ခရီးစဉ်များ(သောကြာ)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

အစိုးရတန်နေ့မှာကိုအောင်မြင်ဆင်နွှဲပါဝင်လိုသူများ...
၉-၁၀တန်း၊ ဧပြီ-၃-လ ပြုတ်
YC ၁၀တန်းအနီးကပ် NON-STOP 7Days မေးခွန်းလျှာသင်တန်း မတ်(၂)စမည်
YC သင်္ချာ ၉-တန်း မှ ၁၀-တန်းထိ နေ့(၃)လပြတ်သင်္ချာသီးသန့် မတ်လ(၉)ရက်စမည်။
မြန်မာ ♡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ♡ ဦးနေအုပ်(စိန်ပေါလ်)
သင်္ချာ ♡ ဆရာမိုင်(မိုင်သင်္ချာ)
ရူပ ♡ ဦးညာဏ်လွင်
ဓာတု ♡ ဒေါက်တာခင်မိုးမိုး
ဇီဝ ♡ ဒေါက်တာမြသိန်း
ဘောဂ ♡ စိုင်းထွန်းအောင်
၁၆၅၊ ပထပ်(တောင်ခန်း)၊ ဆိပ်ကမ်းသာ၊ ရန်ကုန်။ Ph:09-73105201

ရွှေတောင်ငြ
Air-con Express
ပေါင်း/ချောင်းသာ

SHINE Construction Co., Ltd.
(Member of Shine Group of Companies)
၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင် Sub ကန်ထရိုက်တာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ အလိုရှိသည်-
(က) ပန်းရံလုပ်ငန်း
(ခ) ကြွေပြားလုပ်ငန်း
၂။ လျှောက်လွှာများကို (၁၁- ၃-၂၀၁၃)ရက်နေ့ နောက်ဆုံးထား ၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါလုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး လက်ခဈေးနှုန်းများနှင့် အတူ ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ထောက်ခံစာနှင့်တကွ ကြော်ငြာ ပါသည့်နေ့မှစ၍ တစ်ပါတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၂၉)၊ မြေညီထပ်၊ ကျိုးဖြူကွန်ဒို၊ ကျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (အောင်ဆန်းကွင်း အထူးတန်းရှေ့)
Tel: 09-8601461, 09-73044221, 01-385341~2, Ext: 218

WATER TEC
Simply Better
Hand Spray
(၁)နှစ်အာမခံ
Ks-2900/-
MADE IN MALAYSIA
နယ်ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
ဆင်တူယိုးမှား အတုပ သတိပြုရန်
ARISTON ITALY Show Room
A/1၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ရန်ကုန်မြို့။
Ph: 01-256705, 379671, 394409, 399464, 647812

အနုပညာ

ကလေးငယ်များ၏ အနာဂတ်ကို အရမ်းအလေးထားတဲ့ သရုပ်ဆောင် လီယောင်အေး

"နန်းတွင်းရတနာ"ဇာတ်ကားမှ စားဖိုမှူး 'ချန်ဂင်'အဖြစ် ပရိသတ်အကြား ရေပန်းစားလာခဲ့သူ ကိုရီးယားကြယ်ပွင့် လီယောင်အေးသည် ၂၀၁၁ ခုနှစ်အတွင်းက ယောကျ်ားလေးနှင့် မိန်းကလေးအမွှာကို မွေးဖွားခဲ့ပြီး ယင်းကလေးငယ်များ၏ ကျန်းမာရေးအရ ဆိုးလ်မြို့၏ အရှေ့ဘက်ရှိ နယ်မြို့လေးတစ်မြို့သို့ မိသားစုအလိုက် ခေတ္တခဏ ရွှေ့ပြောင်းနေထိုင်ကာ အနုပညာလုပ်ငန်းများကိုလည်း ခေတ္တခဏရပ်နားထားကြောင်း သိရသည်။

"ကျွန်မ အနုပညာအလုပ်တွေကို ဆက်လုပ်မှာပါ၊ ဇာတ်ညွှန်းတွေထဲက ကျွန်မနှစ်သက်တဲ့ဇာတ်ညွှန်းတွေ့ရင် ကျွန်မရုပ်ရှင်ပြန်ရိုက်မှာပါ။ ဒါပေမယ့် အနာဂတ်မှာ ကျွန်မရိုက်ကူးမယ့်ရုပ်ရှင်တွေဟာ အရင်ကနဲ့မတူတော့ပါဘူး။ အရင်တုန်းက ဇာတ်ကားတစ်ကားရိုက်ရင် ကျွန်မရဲ့သရုပ်ဆောင်ရမယ့် အခန်းကဏ္ဍကို အဓိကထားပြီး ရွေးချယ်တယ်။ အခုတော့ ဇာတ်ကားတစ်ကားဟာ လူမှုပတ်ဝန်းကျင်မှာရှိတဲ့ ကလေးငယ်တွေအတွက် ဘယ်လောက်အကျိုးသက်ရောက်မှုရှိမလဲဆိုတာကိုပဲကြည့်ပြီး ဇာတ်လမ်းတွေကိုရွေးချယ်သွားမှာပါ"ဟု လီယောင်အေးက ဆိုသည်။

ဆက်လက်ပြီး သရုပ်ဆောင်လီယောင်အေးက နောက်ပိုင်းတွင် ပရိသတ်များအနေဖြင့် သူမအား ဇာတ်ကြမ်းကားများ၊ ဗီလိန်ဇာတ်ကားများတွင် မြင်တွေ့ရတော့မည်မဟုတ်ကြောင်း၊ ယခုလည်း သူမနှင့် သူမ၏ခင်ပွန်းတို့သည် ကလေးငယ်များအတွက် ပိုမိုသာယာလှပသော ကမ္ဘာသစ်ဖန်တီးပေးနိုင်ရန် ဆွေးနွေးတိုင်ပင်လျက်ရှိကြောင်း၊ မိခင်တစ်ဦးက ကလေးငယ်တစ်ဦးကို မွေးကင်းစအရွယ်မှစတင်ကာ အရွယ်ရောက်သည်အထိ ပြုစုပျိုးထောင်ရသည့် အတွေ့အကြုံများကိုလည်း သရုပ်ဆောင်တစ်ဦးအနေဖြင့် အခြားသောမိခင်များကို မျှဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် သရုပ်ဆောင်လီယောင်အေးနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့က ၎င်းတို့၏ ပင်မလုပ်ငန်းစီးပွားရေးကို ရွေးချယ်ရာတွင်လည်း မွေးကင်းစကလေးငယ်များအတွက် အော်ဂဲနစ်ပစ္စည်းအသုံးအဆောင်များထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချထားကြောင်း သိရသည်။

လန်ဒန်အာရှရုပ်ရှင်ပွဲတော်၏ နောက်ဆုံးနှုတ်ဆက်ဇာတ်ကားဖြစ်လာမည့် Barfi

ဘောလိဝုဒ်မင်းသား အန်ဘီအာကပူးနှင့် မင်းသမီး ပရီယန်ကာချိုပရာတို့ တွဲဖက်သရုပ်ဆောင်ထားသည့် Barfi ဇာတ်ကားကို မကြာမီကျင်းပမည့် (၁၅)ကြိမ်မြောက် လန်ဒန်အာရှရုပ်ရှင်ပွဲတော် အခမ်းအနား၌ အဆုံးသတ် နှုတ်ဆက်ဇာတ်ကားအဖြစ် ရွေးချယ်ခြင်းခံရသည်။

ယင်းဇာတ်ကား ရိုက်ကူးသည့် ဒါရိုက်တာ Anurag Basu က ယခုနှစ်တွင် ကျင်းပမည့် နှစ်(၁၀၀)ပြည့် အိန္ဒိယရုပ်ရှင်ပွဲတော်တွင် ၎င်းတို့၏ အမျိုးသမီးတစ်ဦး၏ ခရီးစဉ်အကြောင်း ပုံဖော်ထားသည့်ဇာတ်ကားနှင့် ပွဲဝင်ရန်အတွက် စိုးရိမ်မိပါကြောင်း၊ သို့သော် ပရိသတ်ရင်ထဲ ကျန်ရစ်စေမည့် အခြားဇာတ်အိမ်ခိုင်မာသော ဂန္ထဝင်မြောက် စိတ်လှုပ်ရှားဖွယ်ဇာတ်ကားများလည်း ရှိပါကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

ယင်းလန်ဒန်အာရှရုပ်ရှင်ပွဲတော်၌ မင်းသမီး Sridevi အဓိက ဇာတ်ကောင်အဖြစ် သရုပ်ဆောင်ထားသည့် တမီနှင့် ဟိန္ဒူပုံစံ နှစ်မျိုးဖြင့် ရိုက်ကူးထားသည့် English Vinglish ဇာတ်ကားလည်း ပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က ကိုရီးယား ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ Barfi ဇာတ်ကားသည် ပရိသတ် ၄၀၀၀၏ သောင်းသောင်းဖြဖြအားပေးမှုကို ရရှိခဲ့သည်။

(၁၅)ကြိမ်မြောက် လန်ဒန်အာရှရုပ်ရှင်ပွဲတော်ကို မတ် ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာဖရိကသို့ စေတနာ့ဝန်ထမ်းအဖြစ်သွားရောက်မည့် သရုပ်ဆောင် ကင်မ်အာဂျွန်း

ကိုရီးယားကြယ်ပွင့်သရုပ်ဆောင် ကင်မ်အာဂျွန်းက သူမ၏ နောက်ထပ်စီမံကိန်းသစ် မစတင်မီအားလပ်နေသော ရက်အနည်းငယ်ကို အာဖရိက၌ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

ကင်မ်အာဂျွန်းသည် တောင်ကိုရီးယားနိုင်ငံ၏ အက်စ်ဘီအက်စ် ရုပ်သံလိုင်း၏ Hope TV အစီအစဉ်နှင့် အာဖရိကရှိ ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့၏ ပူးတွဲစီမံချက်တစ်ခုဖြင့် ၎င်းတို့နှင့်အတူ အာဖရိကသို့ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်မည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်အရ သရုပ်ဆောင် ကင်မ်သည် မတ် ၁၁ ရက်တွင် လစ်ဗျားနိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ပြီး ၁၀ ရက်ကြာသွားရောက်မည့် ယင်းခရီးစဉ်တွင် ယွန်းစီယွန်နှင့် အခြားသော ကိုရီးယားကြယ်ပွင့်များလည်း ပါဝင်ကြမည်ဖြစ်သည်။

ကင်မ်သည် ယင်းကဲ့သို့ စေတနာ့ဝန်ထမ်းလုပ်ငန်းကို ဝါသနာပါသူတစ်ဦးဖြစ်ပြီး မကြာသေးမီက ခင်ပွန်းမရှိသော မိခင်နှင့်ကလေးငယ်များ စောင့်ရှောက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ကင်မ်သည် သူမ၏ နောက်ဆုံးဇာတ်ကားဖြစ်သည့် My Ps Partner ဇာတ်ကားအပြီး နောက်ထပ်ဇာတ်ကားများ ရိုက်ကူးရန် လက်ခံမထားသေးကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန်မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများလာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများအား တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စုံလျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူပြီး ၁၇-၃-၂၀၁၃ရက်၊ ညနေ(၄)နာရီနောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါကတောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၁၀၀၃၊ ၂၁၂၁၆၉၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးဦးစီးကော်မတီ
တောင်ကြီးမြို့

အမည်ပြောင်းနှင့်ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၁)၊ အဌမတန်း(C)မှ မောင်ညီညီဦးအား မောင်ထက်အာကာဝင်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်နှင့်ဖခင်၏အမည်မှန်မှာ ဦးဖိုးကျော်မြင့်[၉/တကန(နိုင်) ၀၅၀၂၇၇]ဖြစ်ပါသည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ရောက်နိုင်ရေး မန်ယူနှင့်ရီးယဲလ် ဘယ်အသင်းစွမ်းဆောင်နိုင်မလဲ

မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ရောက်နိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်လာမည့်ပွဲစဉ်ကတော့ ယခုတစ်ပတ်အတွက် စိတ်ဝင်စားဖွယ်ပွဲစဉ်တစ်ပွဲလည်း ဖြစ်လာဦးမည်ဖြစ်သည်။

ပရီမီယာလိဂ်၏ ထိပ်တန်းအသင်း မန်ယူအသင်းနှင့် စပိန်လာလီဂါမှ ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့အဖြစ် ရီးယဲလ်မက်ဒရစ်၏ ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ပြီး ယခုမတ်လ ၅ ရက်တွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်သည် နှစ်သင်းစလုံးအတွက် ချန်ပီယံလိဂ်တွင် တင်ကျန်ကာ ဥရောပချန်ပီယံဘွဲ့ဆွတ်ခူးနိုင်ရေးမျှော်လင့်ချက်အတွက် အရေးပါလာမည်ဖြစ်၍ ယင်းပွဲစဉ်တွင် ဘယ်အသင်း ကွာတားဖိုင်နယ်တက်ရောက်နိုင်ရေးစွမ်းဆောင်လာနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေခဲ့သည်။

လက်ရှိမန်ယူအသင်းတွင် ဖီးလ်ဂျုံးနှင့် ပေါလ်စခိုးလ် ဒဏ်ရာပြဿနာများကြုံနေသည်မှ လွဲ၍ လူစုံနေသည်။ ထို့အပြင် မန်ယူအသင်းသည် ဗန်ပါစီ၊ ရွန်းနီ၊ ဝဲလ်ဘက်၊ ဗလင်စီယာ၊ ဟာနန်ဒက်ဇ်၊ ကလီဗာလေ စသည့် ကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနှင့်အတူ ပရီမီယာလိဂ်တွင်လည်း အောင်မြင်မှုရရှိနေသည့် အသင်းပင်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိလာလီဂါ ချန်ပီယံဖြစ်သည့်အပြင် ချန်ပီယံလိဂ်အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်းဖြစ်သော်လည်း ဒီမာရီယာနှင့် လက်စွမ်းပြဂိုးသမား ကာစီးယက်စ်တို့ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည်က ရီးယဲလ်မက်ဒရစ်အသင်းအတွက် အားနည်းချက်ဖြစ်နေရသည်။

ထို့အပြင် ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိ စပိန်လာလီဂါ ရပ်ဝန်းတစ်ခုလုံးကို လွှမ်းမိုးထားနိုင်စွမ်းရှိသည့် ဘာစီလိုနာအသင်းနှင့် နှစ်ကြိမ်ဆက်တိုက်ကစားခဲ့ရ၍ ပွဲပန်းလာနိုင်သည်။ သို့သော်လည်း ဘာစီလိုနာကို ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့်အပြင် လာလီဂါ ဒုတိယအကျော့ဘာနေဗျူး၌ ယှဉ်ပြိုင်ရစဉ်တွင်လည်း အနိုင်ရရှိထားသည့် ခြေစွမ်းရှိနေသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် လေးပွဲတွင် လေးပွဲစလုံးအနိုင်ရရှိထားသည့်အပြင် ရီးယဲလ်မက်ဒရစ်၏ စွမ်းဆောင်ရည်ကို ကြည့်မည်ဆိုလျှင် ယခုနှစ်ဘောလုံးရာသီတွင် နှစ်ကျော့ယှဉ်ပြိုင်ရတိုင်း ပထမအကျော့တွင် သရေရလဒ်ဖြစ်ခဲ့သော်လည်း ဒုတိယအကျော့တိုင်း အနိုင်ရအောင်စွမ်းဆောင်နိုင်သည်မှာ အဝေးကြီးတွင် ကြည့်စရာမလိုပေ။ ဘာစီလိုနာနှင့် နှစ်ကျော့ကစားရသည့် ပြိုင်ပွဲနှစ်ခုစလုံးတွင် အနိုင်ရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။

မန်ယူအသင်းဘက်ကို ကြည့်မည်ဆိုပါက နောက်ဆုံးလေးပွဲတွင် သုံးပွဲသာအနိုင်ကစားနိုင်ခဲ့ပြီး တစ်ပွဲသရေရလဒ်ဖြစ်ခဲ့သည်။ သို့သော် မန်ယူအသင်းအတွက် ဗန်ပါစီအကောင်းဆုံးခြေစွမ်းပြနေသည့်အပြင် ဒေါ့မွန်အသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်လာချိန်မှစ၍ နည်းပြဖာဂူဆန်အတွက် စိတ်ကျေနပ်အောင် မစွမ်းဆောင်ပေးနိုင်ခဲ့သည့်

ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါပင် ပရီမီယာလိဂ်ပွဲစဉ်(၂၈)တွင် နော့ဝှစ်ချ်ကို အိမ်ရှင်အဖြစ် လက်ခံကစားခဲ့စဉ် ပထမဆုံးဟက်ထရစ်ဂိုးစတင်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ကာဂါဝါသည်လည်း မန်ယူအသင်းတွင် အရေးပါလာသော ကစားသမားဖြစ်လာခဲ့သည်။

ယင်းနှစ်သင်းသည် ကိုယ်စီအောင်မြင်မှုများရရှိနေသည့်အပြင် ပထမအကျော့တွင် သရေကျထားသော်လည်း ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်၍ မန်ချက်စတာမြို့၏ အိုးထရက်ဖို့ဒ်ကွင်းကြီး၌ ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ် ဒုတိယအကျော့တွင် ချန်ပီယံလိဂ်ကွာတားတက်ရေး ဘယ်အသင်း စွမ်းဆောင်လာနိုင်မလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

နိုင်လင်းကြည်

ဟီဂူအင်နှင့် လီဝန်ဒိုစကီးအား စာချုပ်ရန် မန်စီးတီးကြိုးစားမည်

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် အသင်းအောင်မြင်မှု ရရှိရေးအတွက် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဟီဂူအင်နှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ တိုက်စစ်မှူး ရောဘတ်တိုလီဝန်ဒိုစကီးတို့ကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အီတီဟတ်ဒ်သို့ အရောက်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ဂိုးသွင်းဘုရင်များ လိုအပ်နေသေးသဖြင့် ယင်းလိုအပ်နေသည့် ဂိုးရရှိရေးပြဿနာကို ဖြေရှင်းရန် ရီးယဲလ်မက်ဒရစ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်နှင့် တိုက်စစ်မှူး လီဝန်ဒိုစကီးတို့ကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်း ဖြစ်သည်။

လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းသည် အဆိုပါ ကစားသမားနှစ်ဦးအား ပစ်မှတ်ထားနေသည့်အပြင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ အင်္ဂလန်မြေသို့ ပြန်လာရန်ဆန္ဒရှိနေသည့် မန်ယူကွင်းလယ်ကစားသမားဟောင်း ပေါပေါ့ဘာကိုလည်း ခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိသည်။

FOREVER SPORTS JOURNAL
ပရိသတ်ကြီးထံ
အင်္ဂါနေ့တိုင်း အရောက်ပို့ပေးနေပါပြီ
"မာရ်မြင်သိ" ဆရာ

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး/ရှောင်းသာ
(Mar 11, 15, 18, 22, 25)
371317,095124678,09401589907

ရွှေဥဒေါင်းမင်း 09421152677, 09421122687
55000

ဆရာအာသာ SUCCESS Language Academy 202046 256954
Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင် 0949249463
နွေရာသီအင်္ဂလိပ်စာ March 11 မှစ၍
Morning Section -10 to 12:00 / Evening Section - 3 to 5:00 Mon to Thurs
Basic English Speaking: 10-11:30 Mon~Thurs 4 Mar; 1-2:30 Mon~Thurs 4,11 Mar; 7:30-9 Mon~Thurs 11 Mar
Four Skills English (Basic): 1-2:30 Mon~Thurs 4 Mar; 2-5:00 Sat + Sun 9 Mar; 10-11:30 Mon~Thurs 11 Mar
Pre-Intermediate (4-Skill English): 6-7:30 Mon~Thurs 18 Mar; 7:30-10:30 Sat+Sun 23 Mar
Intermediate (Academic English): 3:30-5 Mon~Thurs 25 Mar; 9:30-12:30 Sat+Sun 30 Mar
Vocab Enrichment Mar 9, 11, 18; Basic Grammar Mar 11, 30; Intermediate Grammar Feb 25; Basic Writing Mar 9, 23; Intermediate Writing Mar 23
IELTS သင်တန်းများ: IELTS Four Skills Feb 25 Mar 11; IELTS Exam Practice Mar 16; IELTS Speaking+Vocab Feb 25; IELTS Reading+Vocab Mar 4; IELTS Writing+Grammar Mar 16
Essay, Letter + Grammar
Sat + Sun (10-12:00) မတ် ၉ မှစ၍
Marlins English သင်တန်း 4:30-7:30 (Sat+Sun) Apr 27



ဈေးကွက် ဂျာနယ်
အစွန်းတစ်ဖက်မှ အလယ်လမ်းရောက်လာသူ ဒေါ်အောင်ဆန်းစုကြည်
SPECIAL REPORT

Good Health ဂျာနယ်က တာဝန်ယူပါတယ်။
Love & Sex 7

အခွင့်အလမ်း ဂျာနယ် The Opportunity Journal
အလုပ်ရှာနေသူများအတွက် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ကြော်ငြာများစုံလင်စွာ ပါဝင်သော...
ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊ Air Con ပြင်၊ စက်ချုပ်၊ ယာဉ်မောင်းသင် စသော သင်တန်းများ အခမဲ့ တက်ရောက်ခွင့် ရရှိနိုင်မည့် အခွင့်အရေးများနှင့်အတူ...
အင်္ဂါနေ့တိုင်းထွက်ပြီ
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၇၇၄၂ ၀၉-၇၃၂၀၁၂၈၊ ၀၁-၂၅၇၇၅၄

အကျိုးဆောင် ဂျာနယ်
Ph: 01-387127, 375537
City Mart
မတ်လ (၄) ရက် တနင်္လာနေ့
ထွက်ပြီ

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ညောင်ကျိုးဘိနယ် ကျောက်ဖူးကြိုးဝိုင်း အကွက်အမှတ် (၈၄) ညောင်အေချောင်းအတွင်း တရားမဝင်အင်နှင့် သစ်ခွဲသား ၈၂ ချောင်း (၁၉ ဒသမ ၄၉၄၄ တန်)အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)လှော်ကားလမ်းမကြီး အမှတ် (၅၆) လမ်းဆုံအနီးတွင် ယာဉ်အမှတ် ၅က/. . . . နီဆန်းခြောက်ဘီးဖြူနီကျားရောင်အတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ၃၇ ချောင်း (၄ ဒသမ ၀၃၄ တန်) ဖမ်းဆီးရမိခဲ့သည်။ သစ်ပိုင်ရှင် ဦးမြင့်အောင်ရှိန်နှင့် ဦးအောင်မျိုးထွန်း၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းဖြစ်သူ ဦးသက်ပိုင်တို့အား သစ်တောဥပဒေပုဒ်မ ၄၁(က)အရ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံးသို့ တင်ပို့တရားစွဲဆိုထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၅ မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ဘုတလင်၊ ပုလဲ၊ ခင်ဦး၊ ရွှေဘို၊ မင်းကင်း၊ ကလေးဝမြို့နယ်အတွင်းမှ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြား ၂၇၈ လုံး/ ချောင်း (၃၉ ဒသမ ၃၀၉၆ တန်)အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။ ထို့အပြင် ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ဝန်းသို၊ အင်းတော်၊ ပင်လယ်ဘူး၊ ဗန်းမော်၊ ကောလင်း၊ ကသာမြို့နယ်အတွင်းမှ တရား မဝင် ကျွန်း၊ သစ်မာ၊ အခြားစုစုပေါင်း ၁၀၄ ဒသမ ၇၄၇၆ တန်၊ အင်ဂျင် သုံးလုံး၊ လွှဝိုင်း နှစ်ဝိုင်း၊ ဆက်စပ်ပစ္စည်း ၁၀ မျိုး၊ ယာဉ် တစ်စီး၊ ဆိုင်ကယ် တစ်စီး၊ စက်လှေတစ်စင်းနှင့် တရားခံ ၃၄ ဦးတို့အား ဖမ်းဆီးရမိပြီး တရားခံများအား သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ကချင်ပြည်နယ် သစ်တောဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ် ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် စာဝတီဘိနယ် မန်ရွှတ်ကျေးရွာအနီး၌ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၄၁၈ ချောင်း (၈ ဒသမ ၇၁၉ တန်)၊ တုန်ဖုန်းယာဉ် တစ်စီးတို့အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လမ်းလျှောက်နေသူ၏ စလင်းဘက်အိတ်ကို အမည်အသိ ဆိုင်ကယ်စီးလူငယ်သုံးဦး လုယူထွက်ပြေး

ပဲခူး မတ် ၃

ပဲခူးမြို့ ရုံးကြီးရပ်ကွက် အမှတ် (၆) အခြေခံပညာအလယ်တန်းကျောင်းရှေ့တွင် ဖေဖော်ဝါရီ ၂၈ ရက် ည ၉ နာရီခွဲခန့်က လမ်းလျှောက်လာသော အမျိုးသမီးနှစ်ဦး၏ စလင်းဘက်အိတ်အား အမည်မသိ ဆိုင်ကယ်စီးလူငယ်သုံးဦးမှ လုယူထွက်ပြေးသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တောင်ငူတက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခင်ခင်ရီ (၅၅)နှစ်၊ တွဲဖက်ပါမောက္ခ ဒေါ်သင်းသင်းနွယ် (၄၂)နှစ်တို့ နှစ်ဦးသည် ရွှေဝါထွန်းဟိုတယ်၌ တည်းခိုရာမှ ထမင်းစားထွက်ရန် လမ်းလျှောက်လာစဉ် အဆိုပါ နေရာအရောက်၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးပေါ်မှ အမည်မသိ လူငယ်သုံးဦးက ဒေါ်ခင်ခင်ရီ၏ စလင်းဘက်အိတ်အား လုယူကာ ရွှေမော်ဓောဘုရားလမ်း ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ စလင်းဘက်အိတ်အတွင်း၌ ငွေနှစ်သိန်းကိုးသောင်း၊ နိုကီရာ ငွေရောင် လက်ကိုင်ဖုန်းတစ်လုံး (ကာလတန်ဖိုး တစ်သိန်းခွဲ)နှင့် လိုင်းဆင်းကတ်၊ ငွေမင်ရောင် ပိုက်ဆံအိတ်တစ်လုံး (ကာလတန်ဖိုး နှစ်သောင်းကျပ်)၊ မှတ်ပုံတင်တစ်ခုနှင့် ဝန်ထမ်းကတ်တစ်ခုတို့ ပါရှိသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးမြို့ အမှတ်(၁)ရဲစခန်းမှ (ပ) ၁၆၀/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၂ ဖြင့် အမှုဖွင့်ထားပြီး တရားခံ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၇၈)**

လမ်းကြိတ်စက်အား အနောက်မှ ဝင်တိုက်၍ နှစ်ဦးသေ

တောင်ငူ မတ် ၃

ဖေဖော်ဝါရီ ၂၈ ရက် ည ၉ နာရီခန့်က တောင်ငူမြို့ အနောက်ဘက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၅၀/၅)နှင့် (၁၅၀/၆) ကြားတွင်ရှေ့မှ အချက်ပြမီးဖွင့်မောင်းနှင်နေသော လမ်းကြိတ်စက်အား အနောက်ဘက်မှ ရွှေပုစွန်မုန့်နှင့်စားစရာများ တင်ဆောင်လာသော ယာဉ်မောင်း ကျော်ဆွေဝင်း (၃၄) နှစ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၈ဈ/---- ကင်တာအမျိုးအစား အလုံပိတ်ယာဉ်က အရှိန်ပြင်းစွာ ဝင်ရောက်တိုက်ခဲ့သောကြောင့် အဆိုပါယာဉ်မောင်းနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဖိုးသန်း (၂၃)နှစ်တို့မှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မှာလည်း ခေါင်းပိုင်းတစ်ခုလုံး ကြေမွပျက်စီးသွားခဲ့ကြောင်း အမြန်လမ်းဗောဓိကုန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကျော်စွာ-တောင်ငူ)**

ဇလွန်မြို့၌ ပိုးသတ်ဆေးသောက်၍ သေဆုံး

ဇလွန် မတ် ၃

ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက်နေ ရဲမင်းထက် (၁၈)နှစ်သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲခန့်တွင် နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် စိုက်ပျိုးရေးခြံအတွင်းသုံးစွဲသည့် ဒီဖွန်ပိုးသတ်ဆေးရည်ကို သောက်သုံးမိ၍ သေဆုံးသွားပြီး ဇလွန်ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၏ တိုင်တန်းချက်အရ ဇလွန်ရဲစခန်းမှ သေမှုသေခင်း ၁/၁၃ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၅၅၂)**

စာပေမြင့်မှ လူမျိုးတင့်မည်



- လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်ဥယျာဉ်မြို့တော်တွင်ပါဝါဝင်းဆောက်လုပ်ရေးမှ မြေကွက်ဝယ်ယူထားသူများအားလုံး ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီနှင့်လာရောက်ဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။
ဆက်သွယ်ရန်- ၂၅၀၆၅၀၊ ၂၅၀၇၂၀

ခြေသည်း၊ လက်သည်း ဘာသာစုံ ကျွမ်းကျင် အလိုရှိသည်။
Ph:0973053123

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကျေးဇူးတင်လွှာ

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့
ဒေါက်တာရဲဝင်း-ဒေါက်တာဝင်းဝင်းသိန်းတို့၏ သားရတနာ

ဗိုလ်ကြီးခိုင်ကျော်ဦး
M.B.,B.S (D.S.M.A),M.Med.Sc (Biochemistry)

လက်ထောက်ကထိက၊ ဇီဝဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်

နှင့်

နေပြည်တော်၊ ဇေယျာသီရိမြို့
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စစ်ထောက်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်-ဒေါ်ဆွေဆွေဦးတို့၏ သမီးရတနာ

မလွင်ယဉ်မင်း
B.Sc (Engg:) (Gem and Gem Mining), Final Year M.Sc(Mineralogy)
Diploma in Business Studies, Diploma in SEAMEO CHAT
Diploma in Applied Geology (Gemmology),Diploma in Geographic Information Systems

တို့၏ ၂၃-၂-၂၀၁၃ ရက်တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးအောင်ဇော်သိန်း၊ မင်္ဂလာမှူးဦးစီးနာယကများ အဖြစ် နှစ်ဖက်သောမိဘများ ကိုယ်တိုင်ဆောင်ရွက်ကျင်းပသော စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မင်္ဂလာပွဲကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးပါသော သမ္မတရုံးဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့်ဇနီး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် MICC မှဝန်ထမ်းများ၊ ၃-၃-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများကို ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ တပ်မတော်အကြီးအကဲများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ မင်္ဂလာစားသောက်ဖွယ်ရာများကို တည်ခင်းဧည့်ခံပေးပါသော သင်္ဂဟဟိုတယ် မန်နေဂျာနှင့်အဖွဲ့၊ Traders Hotel နှင့် Sedona Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာဘိသေကသွန်းလောင်းပေးပါသော မင်္ဂလာအခမ်းအနားမှူး သဘင်အနုပညာရှင် မန္တလေးသိန်းဇော်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများကို သီကျူးပေးပါသော နိုင်ငံကျော် အဆိုတော် ဒေါ်တင်တင်မြနှင့် A-1 စိုးမြင့်အဖွဲ့၊ နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများကို တီးခတ်ပေးပါသော မြန်မာပြည်ကျောက်စိမ်းနှင့်အဖွဲ့၊ ဧည့်ခံသီဆိုပေးပါသောတေးသံရှင်များ၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးပြည်ဟိန်းအောင်နှင့် ဗိုလ်ကြီးငြိမ်းကျော်၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မနှင်းရည်ဦးနှင့် မသဉ္ဇာအေး၊ မင်္ဂလာပန်းကြဲပေးသော မဝင်းဝင်းထိုက်၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးများကို ကိုင်ဆောင်ပေးသောမဆုရည်ကိုကို၊ မင်္ဂလာရွှေဆွဲကြိုးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကို ကိုင်ဆောင်ပေးသော မသူသူထက်စံ၊ သရုပ်ဆောင်ထက်သူရအောင် (Managing Director),AOTO Co.,Ltd.၊ ပန်းအလှပြင်မာမီကင်း၊ မိတ်ကပ်မင်းမောင်အဖွဲ့၊ မိတ်ကပ်ဒီဇင်ဘာနှင်းအဖွဲ့နှင့် မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးပေးပါသော မြဝတီရုပ်မြင်သံကြားအဖွဲ့၊ ကိုနိုင်နိုင်ထွန်း Exposure၊ မန္တလေး Empire Studio၊ မင်္ဂလာခန်းမအား အလှဆင်ပေးပါသော Eternal Flower နှင့် ဘောဂသိဒ္ဓိအဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက် ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီး၊ မိဘ၊ ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးခိုင်ကျော်ဦး-မလွင်ယဉ်မင်း

အထက်မြန်မာပြည်သတင်း

မန္တလေးတောင် ရင်ပြင်တော်ပေါ်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပိတ်သိမ်းပွဲကျင်းပ

မန္တလေး မတ် ၃

မန္တလေးတောင်တော် ဂေါပကအဖွဲ့၊ တောင်တော်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသော နာယက ဆရာတော်ကြီးများနှင့် ပဓာနနာယက ဆရာတော်များ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ တောင်တော်ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ပေါ်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပိတ်သိမ်းအောင်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက မိုးထိတိုက် စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ)ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်ရွတ်ဖတ်ချီးမြှင့်ကြသည်။ ဆက်လက်၍ သန္တိသုခကျောင်းဆရာတော် ဦးဝေပုလ္လက အောင်ဂါထာဖြင့် ရွတ်ဖတ်ပူဇော်ပြီး မြနန္ဒာကျောင်းဆရာတော် ဦးမဏိသာရက အနုမောဒနာဂါထာဖြင့် ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မိုးထိတိုက် စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ)ဆရာတော်ကြီးက ရေစက်ချအနုမောဒနာတရား ချီးမြှင့်ကြောင်း သိရသည်။ **(ဂေါပကအဖွဲ့)**

ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် အတည်ပြုအစည်းအဝေး မုံရွာမြို့၌ ကျင်းပ

မုံရွာ မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် နံနက် ၈ နာရီခွဲတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ် ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ညီလာခံသဘောတူစာချုပ် (UNCRC)နှင့် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရူပါမြက ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ UNICEFမှ ဒေါက်တာချစ်ကိုကိုကUNICEF ၏ အခန်းကဏ္ဍ၊ ကလေးသူငယ်များ စောင့်ရှောက်ရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစနစ် ထူထောင်ခြင်းနှင့် CRC ကော်မတီ အသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီး သူရသွင်ကိုကိုနှင့် မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးတင်ဝင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီမှ ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သော ရှေ့လုပ်ငန်းစဉ်(၄)ရပ်ကို ချမှတ်ရာ အစည်းအဝေးသို့တက်ရောက်လာကြသူများက အတည်ပြုခဲ့ကြကြောင်း သိရသည်။ **(မျိုးဝင်းထွန်း-မုံရွာ)**

ထန်းပင်သိန်းချီရှိသော်လည်း ထန်းတက်လုပ်သားရှားပါး ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ခြင်းကြောင့်ဖြစ်

ပခုက္ကူ မတ် ၃

ပခုက္ကူခရိုင်အတွင်းတွင် ထန်းတောပေါင်း ၅၀၀၀ ကျော်နှင့် ထန်းပင်ပေါင်း သိန်းချီရှိသော်လည်း ထန်းတက်အသက်မွေးဝမ်းကျောင်းပြုသူမှာ တစ်ရွာလျှင် လူ ၁၀ ဦးပြည့်အောင်မရှိကြောင်း သိရသည်။ ပခုက္ကူခရိုင်အတွင်းရှိ ရေစကြိုနှင့် မြိုင်မြို့နယ်ဒေသများသည် ထန်းလျက်ထွက်အားကောင်းပြီး မန္တလေး-ရန်ကုန်-မြစ်ဝကျွန်းပေါ်ဒေသများသို့ ရေလမ်း၊ ကုန်းလမ်းမှ နှစ်စဉ်တင်ပို့လျက်ရှိသည်။ ထန်းရာသီ ထန်းရည်ဖြိုင်ဖြိုင်ထွက်စဉ် တစ်နေ့ ထန်းလျက်အချိန် ပိဿာ ၂၀ မှ ၃၀ ဝန်းကျင် ရရှိသည်။ ထန်းရည်အား ဒယ်အိုးကြီးများနှင့် ထန်းလျက်ချက်လုပ်ယူရကြောင်းလည်း လေ့လာသိရှိရသည်။

"ကျွန်တော်တို့ရွာ ထန်းတက်လုပ်အားခက ထန်းပိုင်ရှင်တစ်ရက်၊ ထန်းသမားက ငါးရက်ဖြစ်ပါတယ်။ တစ်ဒယ်ကို ခြောက်မြူချက်ရပါတယ်၊ တစ်မြူ ၂၅ ကျပ်သားထွက်ပါတယ်" ဟု မြိုင်မြို့နယ်နှမ်းဆီကန်ဒေသခံတစ်ဦးက ပြောသည်။ ထန်းရာသီအကောင်းဆုံးလများသည် တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်ဖြစ်သည်။ ပခုက္ကူခရိုင်အတွင်း ထန်းတောပေါင်းများစွာရှိသော်လည်း ထန်းတက်သူ ရှားပါးရခြင်းမှာ ထန်းလျက်ဈေးမကောင်းခြင်း၊ စီးပွားဖြစ်လွယ်သောမြို့ကြီးပြကြီးများနှင့် နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်ကိုင်ခြင်းကြောင့်လည်းဖြစ်သည်ဟု တွင်းမရွာသားတစ်ဦးကလည်း ပြောသည်။

ထန်းလျက် ခုနစ်ပိဿာရရန် ထန်းတက်သမားတစ်ဦးအနေဖြင့် ထန်းပင်ပေါင်း ၁၀၀ ခန့် တက်ကြရသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်မတိုင်မီ ထန်းဧကပေါင်း ၁၂၇,၇၃၉ ရှိသည်။ ၁၉၄၀-၁၉၄၁ ခုနှစ်တွင် ထန်းပင်ပေါင်း ၂,၃၅၀,၀၀၀ရှိပြီး ထန်းလျက်ပိဿာပေါင်း သုံးကုဋေကျော် ၃၀,၇၂၀,၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။ ၁၉၄၇ ခုနှစ်၌ ထန်းလုပ်သားပေါင်း တစ်သိန်းဝန်းကျင်ရှိခဲ့သော်လည်း ယနေ့ခေတ်တွင် ရာဂဏန်းသာသာရှိတော့သည်ဟု ထန်းလျက်ကုန်သည်ကြီးတစ်ဦးကပြောသည်။ ပခုက္ကူထန်းလျက်ဈေးကွက်တွင် ဖေဖော်ဝါရီလကုန်ရက်ဈေးကွက်အရ ထန်းလျက်သေးတစ်ပိဿာ ၆၂၅ကျပ်၊ ၆၀၀ ကျပ်၊ ထန်းလျက်အကြီး ၅၄၀ ကျပ် ရှိကြောင်း သိရသည်။ **နေဦးမောင် (ပခုက္ကူ)**

ပခုက္ကူဒေသသို့ လာရောက်လေ့လာသူများပြား

ပခုက္ကူ မတ် ၃

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အတွင်း နေရာအနှံ့အပြား နိုင်ငံခြားခရီးသွား ကမ္ဘာလှည့်ဧည့်သည်များ လာရောက်လေ့လာလျက်ရှိရာ ပခုက္ကူဒေသတွင် ယခင်နှစ်ကထက် နိုင်ငံခြားခရီးသွားများ ပိုမိုများပြားလာသည်။ **(အပေါ်ပုံ)**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် ရန်ကုန်မှတစ်ဆင့် ပုဂံ၊ ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရားပုထိုးစေတီများ၊ နာမည်ကျော်ယွန်းထည်လုပ်ငန်းများကို လေ့လာကြပြီး ပခုက္ကူဒေသသို့ မော်တော်ကား၊ စက်ဘီးများနှင့် ဧရာဝတီတံတား (ပခုက္ကူ)ကိုဖြတ်၍ လာရောက်ကာ သမိုင်းဝင်တန်ခိုးကြီး သီဟိုဠ်ရှင်မြတ်စွာဘုရားနှင့် ရှေးဟောင်းလက်ရာအများအပြားရှိသော သီဟိုဠ်ရှင်ရှေးဟောင်းပြတိုက်အတွင်း အသေးစိတ်လေ့လာကြည့်ရှုကြပြီး ရွှေဂူကြီး တံကဲတော်၊ ပခုက္ကူမြို့ပေါ်ရှိ ရက်ကန်းလုပ်ငန်း၊ ဆေးလိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အရုပ်လုပ်ငန်းစသည့် ဒေသထွက်စီးပွားရေးလုပ်ငန်းများကို အထူးစိတ်ဝင်တစားလေ့လာကြသည်။

ပခုက္ကူဒေသသို့ လာရောက်လေ့လာသူ ကမ္ဘာလှည့်ခရီးသည်များတွင် ပြင်သစ်လူမျိုးအများဆုံးပါဝင်ပြီး ထိုင်း၊ ဂျပန်၊ အမေရိကန်နှင့် ဥရောပနိုင်ငံသား အများစုလာရောက်လေ့လာကြပြီး ပခုက္ကူမှတစ်ဆင့် ပခန်းကြီးဒေသ၊ မုံရွာ၊ မန္တလေးနှင့် အင်းလေးဒေသများသို့ ခရီးဆက်ကြသည်။

ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ပခုက္ကူဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လေ့လာမှုနည်းသော်လည်း ယခုအခါ ကူးသန်းသွားလာရေး လွယ်ကူအဆင်ပြေရန် ပုဂံ၊ ညောင်ဦးဒေသနှင့် ပခုက္ကူဒေသသို့ ပေါင်းကူးဆက်သွယ်ပေးသည့် ဧရာဝတီမြစ်ကူးတံတား (ပခုက္ကူ)၏ အကျိုးကျေးဇူးကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်၍ လေ့လာကြခြင်းဖြစ်ကြောင်း သိရသည်။

(၅၇၁)

ဓာတုဗေဒ လက်တွေ့အထောက်အကူပြုသင်တန်းများ ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ဖွင့်လှစ်

မန္တလေး မတ် ၃

တက္ကသိုလ်ဝင်တန်း ဓာတုဗေဒသင်ကြားရေးနှင့် ဓာတ်ခွဲခန်းလက်တွေ့ စမ်းသပ်ဆောင်ရွက်မှုများတွင် နိုင်ငံတကာအဆင့်မီ သင်ကြားပို့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး အခြေခံပညာအထက်တန်းတွင် ဓာတုဗေဒဘာသာရပ်ကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးနေကြသော ဆရာ ဆရာမများအား ရွှေဘိုတက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ(ငြိမ်း) ဆရာ ဦးတင်ရွှေက နွေရာသီအထောက်အကူပြုသင်တန်းကို ရန်ကုန်နှင့်မန္တလေးမြို့ကြီး နှစ်မြို့တို့၌ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် ဓာတုဗေဒလက်တွေ့စမ်းသပ်ခြင်းများ၊ ဓာတုဗေဒနှင့်ပတ်သက်သော concept များ၊ teching method များ၊ ဓာတုဗေဒဆိုင်ရာ General Knowledge များ၊ အသုံးချနည်းပညာများကို သင်ကြားပေးသွားမည်ဖြစ်ပြီး မန္တလေးမြို့တွင် (၃၉) လမ်း၊ (၇၂×၇၃) လမ်းကြား ဗန်းမော်ကျောင်းတိုက်လမ်း၌ မတ် ၁၅ ရက်မှ စတင်၍လည်းကောင်း၊ ရန်ကုန်မြို့တွင် မဟာဗန္ဓုလလမ်းနှင့် (၄၁) လမ်းထောင့် ဗိုလ်တထောင်မြို့နယ် စီးပွားပန်းခင်းခန်းမ၌ ဇွန် ၁၆ ရက်စတင်၍လည်းကောင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဆရာဦးတင်ရွှေ ဖုန်း-၀၉-၄၃၁၁၂၀၂၃သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(၅၇၂)

ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ခြင်း

ချမ်းမြသုခ ပရဟိတ လူမှုကူညီရေးအသင်းကြီး၏ အမျိုးသမီးယာဉ်မှူး၊ အသင်းဝင်အမှတ်(မ/၆၈၆) **မဂုဏ်ရည်အေးကျော်**သည် Miss Myanmar International 2013 ဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့သည့်အတွက် ချမ်းမြသုခ ပရဟိတ လူမှုကူညီရေးအသင်းကြီးမှ အထူးပင် ဝမ်းမြောက်ကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ချမ်းမြသုခ အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ

ရမည်းသင်းမြို့နယ်အတွင်း ရွာပေါင်း ၂၄ ရွာ နေရောင်ခြည်စွမ်းအင်ဖြင့် မီးရရှိရေးဆောင်ရွက်

ရမည်းသင်း မတ် ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းသဲကျွန်းအုပ်စု၊ လယ်သာအုပ်စု၊ အနောက်အုတ်ဖိုအုပ်စု၊ ကုလားမျောအုပ်စု စုစုပေါင်း အုပ်စု လေးစုမှ ရွာပေါင်း ၂၄ ရွာရှိ အိမ်ခြေ ၄၂၄၀ အတွက် ဆိုလာ (နေရောင်ခြည်စွမ်းအင်)ဖြင့် မီးလင်းနိုင်ရေးဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး တိုင်းလျှပ်စစ်မန်နေဂျာ၊ ထိုင်းဆိုလာကုမ္ပဏီမှ ပါမောက္ခတစ်ဦး၊ EERI မှ တာဝန်ရှိသူတစ်ဦး၊ ကုလသမဂ္ဂမှ တာဝန်ရှိသူတစ်ဦးနှင့် ရမည်းသင်းမြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာများသည် အဆိုပါဒေသများသို့သွားရောက်ကာ မြေပြင်အနေအထား ကွင်းဆင်းကြည့်ရှုခြင်း၊ အင်ဂျင်များ အသုံးပြုမှု၊ စပါးခွံဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားမှုများကို အသေးစိတ်ကြည့်ရှုကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရ၏ အစီအစဉ်ဖြင့် ယခုကဲ့သို့ ဆိုလာ (နေရောင်ခြည်စွမ်းအင်)ဖြင့် မီးလင်းရေးကို ပထမဦးဆုံး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၉၂၃၀၄၊ Kenbo 125, m/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်နိုင် မှတ်ပုံတင်အမှတ်[၅/စကန(နိုင်)၀၅၆၉၆၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၉၀၄၀၃၊ Yamaha DT.125, m/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းထွန်းအောင် မှတ်ပုံတင်အမှတ်[၉/ခအဇ(နိုင်)၀၂၅၃၈၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၆၉၀၉၀၊ Yinx iang-125၊ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူအမည် ဒေါ်အိနန်းမိုး မှတ်ပုံတင်အမှတ်[၉/မဟမ(နိုင်)၀၁၄၉၄၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

ကယားပြည်နယ်တွင် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်

လွိုင်ကော် မတ် ၃

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကယားပြည်နယ်တွင် ခေတ်မီနည်းပညာများဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးဖြင့် ယခု ၂၀၁၃ ခုနှစ်တွင် အဆင့်မြင့်လယ်ယာဧက ၅၀၀ ကို စိုက်ပျိုးဖော်ထုတ်သွားမည်ဖြစ်သည်။

အဆင့်မြင့် လယ်ယာဖော်ထုတ်နိုင်ရေးအတွက် လွိုင်ကော်ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၂ ခုနှစ်က ဆည်မြောင်း ဦးစီးဌာနပိုင်လယ်မြေ ၁၀ ဧကတွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧက ၂၁၅ တင်းထွက်ရှိသဖြင့် ပြည်နယ်အစိုးရ၏ ထူးချွန်တောင်သူစံပြ တတိယဆုရရှိခဲ့သည်။ ယမန်နှစ်က လယ်ယာမြေပြုပြင်ခြင်းမရှိဘဲ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သဖြင့် ယခုနှစ်တွင် ကြာဖူးတောကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနပိုင် လယ်မြေ ၁၀ ဧကတွင် အထွက်တိုးရန်အတွက် ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်(မြို့ပြ)နှင့် ဦးသန်းထွန်းတို့က အဆင့်မြင့်လယ်ယာစိုက်ပျိုးနည်းများဖြစ်သော စက်မှုလယ်ယာထွက်စက်များဖြင့် လယ်ယာမြေပြုပြင်ထွန်ယက်ခြင်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများတူးဖော်ခြင်း၊ လယ်ကြားမြောင်းများဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်း၊ လယ်တစ်ဧကချင်းကို ပေါင်စနစ်ဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို အဆင့်မြင့် လယ်ယာဖော်ထုတ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနပိုင် လယ်ဧက ၁၀ ဧကတွင် စက်မှုလယ်ယာထွန်စက်ကြီးများဖြင့် မြေယာပြုပြင်လျက်ရှိသည်။**(အောက်ပုံ)**

အဆင့်မြင့် လယ်ယာဖော်ထုတ်ရေးအတွက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးနွေစပါးကို စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

တင်လှိုင်(မိတ္ထီလာ)

ကျိုက်လတ်မြို့နယ်လုံးဆိုင်ရာ ထမနဲထိုးပြိုင်ပွဲ

ကျိုက်လတ် မတ် ၃

ကျိုက်လတ်မြို့နယ်လုံးဆိုင်ရာ ထမနဲထိုးပြိုင်ပွဲကို ကျိုက်လတ်မြို့ (၁၀) လမ်း ပြည်သူ့အားကစားကွင်းအတွင်း၌ တပို့တွဲလပြည့်နေ့ ညနေ ၄ နာရီခွဲက စည်ကားစွာကျင်းပခဲ့သည်။ **(ယာပုံ)**

ယင်းထမနဲထိုးပြိုင်ပွဲအား ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူးနှင့် ကျိုက်လတ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းအဖွဲ့များ၊ မြို့သူမြို့သားများ စုံညီစွာတက်ရောက်အားပေးခဲ့ကြသည်။

စည်းလုံးညီညာမှုကို ဖော်ဆောင်ရာရောက်သည့် ယင်းပြိုင်ပွဲအား အသင်းအဖွဲ့ပေါင်း ၁၆ ဖွဲ့ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် တိလောကမာရဇိန်ဘုရားကြီးရောင်တော်ဖွင့်ရေကြည်တော် ဝေယျာဝစ္စအသင်းက ပထမဆုကို ရရှိခဲ့ကြောင်းသိရသည်။ **(အသောက)**

သုတေသနစင်တာ ဖွင့်မည်

ရန်ကုန် မတ် ၃

မြန်မာမီဒီယာ အသိုင်းအဝိုင်းမှ သတင်းထောက်များအတွက် သတင်းစာပညာရပ်နှင့် ပတ်သက်သော ဖွံ့ဖြိုးမှုအထောက်အပံ့များ ပေးနိုင်ရန်အတွက် Myanmar Media Library (MML) သုတေသနစင်တာကို မကြာမီဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ စင်တာဖြစ်မြောက်ရေးအဖွဲ့မှ ဦးစောလင်းအောင်၏ ပြောကြားချက်အရ သိရသည်။

မြန်မာစာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်လျက်ရှိသော အခြေခံနှင့် အခြေခံလွန် သတင်းစာပညာရပ်များ၊ ဘာသာရပ်များအလိုက် အထူးပြုသတင်းလိုက်ခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း ပညာရပ်များအပြင် သက်ဆိုင်ရာဘာသာရပ်များ၏ အခေါ်အဝေါ် အသုံးအစွဲများ၊ စာနယ်ဇင်းကျင့်ဝတ်များ စသည်တို့ ဖြန့်ဝေပေးနိုင်ရန်၊ လူငယ် စာနယ်ဇင်းသမားများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်လာစေရန်နှင့် အခြားသောပြည်တွင်းစာနယ်ဇင်းလောက ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့များပေးနိုင်ရန်ရည်ရွယ်၍ MML သုတေသနစင်တာကို ဖွင့်လှစ်နိုင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဦးစောလင်းအောင်က ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ Myanmar Media Library (MML) သုတေသနစင်တာမှာ ပြည်တွင်းက သတင်းထောက်တွေအနေနဲ့ လိုအပ်တဲ့ အချက်အလက်တွေ၊ အထောက်အထား ရယူသွားနိုင်ဖို့ရယ်၊ အထူးသဖြင့် နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ သမိုင်း စတဲ့ ဘာသာရပ်အလိုက် မှီငြမ်းကိုးကားစရာတွေကို အလွယ်တကူရရှိစေဖို့ရယ်၊ မီဒီယာလောကကလူငယ်တွေ လိုအပ်နေတဲ့ အခြေခံ အချက်အလက်တွေအပြင် ပြည်တွင်းပြည်ပက ပညာရှင်တွေနဲ့ အခါအားလျော်စွာ သတင်းစာပညာ၊ အင်္ဂလိပ်စာ စတဲ့ သင်တန်းတွေကို အခြေခံကနေစပြီး အခြေခံလွန် ပညာရပ်တွေအထိ ဖွင့်လှစ်ပို့ချပေးသွားနိုင်ဖို့ စီစဉ်ထားပါတယ်။ အခုလက်ရှိ အချိန်အထိ ဒီသုတေသနစင်တာကို ဖွင့်ပွဲအနေနဲ့ မလုပ်ရသေးပေမယ့် ပဋိပက္ခ ဂရုပြုသတင်းရေးသားနည်း သင်တန်းလိုမျိုးတွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးပါပြီ။ နောင်လည်း နိုင်ငံရဲ့အခြေအနေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေလိုက်ပြီးတော့ လိုအပ်မယ့် သတင်းစာပညာရပ်တွေနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ဆက်လက်ဖွင့်လှစ်ပေးသွားနိုင်ဖို့ စီစဉ်ထားပါတယ်။ အခုလောလောဆယ်မှာတော့ ပြည်တွင်းက သတင်းထောက်တွေအနေနဲ့ ဒီစင်တာကိုလာပြီး သတင်းရေးသားခြင်း၊ စာအုပ်စာတမ်းများ ဖတ်ရှုခြင်း၊ အင်တာနက်အခမဲ့အသုံးပြုခြင်း စတာတွေလာလုပ်နိုင်ပါပြီ။ စင်တာဖွင့်ပွဲကိုတော့ လာမယ့်မတ်လထဲမှာ ပြုလုပ်သွားဖို့စီစဉ်ထားပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။

Myanmar Media Library (MML) သုတေသနစင်တာကို ဒိန်းမတ်နိုင်ငံ အခြေစိုက် International Media Support (IMS)အဖွဲ့မှ ပံ့ပိုးပေးထားခြင်းဖြစ်ပြီး ပြည်တွင်းစာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသော ယင်းသုတေသနစင်တာကို အသုံးပြုလိုပါက အမှတ်(၄၃၇) ဒုတိယထပ် ကုန်သည်လမ်း(၄၄ လမ်းနှင့် သိမ်ဖြူလမ်းထောင့်) ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၆၄၉)**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)

(၂၃) ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး
သက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုနှင်းသဘင် ဖိတ်ကြားခြင်း

ပွဲကျင်းပမည့်နေ့ရက် - ၁၁.၃.၂၀၁၃ (တနင်္လာနေ့)
ပွဲကျင်းပမည့်အချိန် - နံနက် (၈:၀၀) နာရီ
အမှုဆောင်အဖွဲ့

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ISUZU BIGHORN
2000,model (ရုပ်ပြောင်း)
Connation 4/colour-gold
Kilo-1သိန်းကျော် (၄ယ/----)
ရောင်းဈေး ၁၉၉ သိန်း
(အလျှော့အတင်းမရှိ)
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၅၅၀၀၀

ဆက်သွယ်နိုင်ပါသည်

ဖုန်း-၀၁-၂၉၉၅၉၆၊ ၀၉-၇၃၁၉၂၈၅၉
Office Staff ကျား/မ (၃)ဦး
စိတ်ပါဝင်စားသူများ CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ခြံရောင်းမည်

ပိုင်ရှင်ကိုယ်တိုင် ပေ(၇၅×၁၅၃)၊ ရေတွင်း၊ မီတာ၊ အဝီစိရေတွင်း၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ ရခိုင်ဘုန်းကြီးကျောင်းအနီး။

ဖုန်း-၀၉-၄၂၀၀၂၉၆၇၈

Yes!! English School
** Always say Yes!! to English. **
4 skill English classes
★Basic
★Elementary
★Intermediate
★Advanced
★IELTS,TOEFL, SAT
Mon to Thurs (9-10:30)March 11
Starting in March 6,10,13,16,17.
Ph : 511778, 09-73033648

ဦးတင်လှိုင်ဝင်း
B.Sc(Chemistry)
Phone : 09-5070158, 09-5408343, 09-73032931

Understanding and Effective Implementation of the Maritime Labour Convention 2006
Two days Intensive Workshop at Summit Parkview Hotel
2nd Event on 30th - 31st March 2013

FUTURE STAR Quality Training Centre
SUMMER ENGLISH SCHOOL (Age 5 to 15)
CAMBRIDGE ENGLISH (4 SKILLS) + TEXT BOOK + GRAMMAR & VOCABULARY + MODEL ESSAY/ LETTER WRITING
✔ March,April,May ✔ Mon to Fri
Phone: 55 90 51, 09 730 22 441

International Karate Organization Kyokushinkaikan
(5th Dan)
KYOKUSHIN KARATE DOJO
Air-Con
Fitness Centre (Level 3)
09-7319 5662, 01-500405, 01-539557

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ဒေါ်ခင်မေ၏ ယောကျ်ား ဆရာဦးဘသက်၏ မော်တော်ကား ဝပ်ရှော့က မိမိတို့နှင့် တစ်လမ်းတည်း၊ လမ်း၏ အလယ်ပိုင်းမှာ ရှိသည်။

ဝပ်ရှော့တွင် ဆရာဦးဘသက်မှာ မျက်နှာသစ်ပြီးစ နှင့်တူသည်။ လက်တွင် မျက်နှာသုတ်ပဝါကို ကိုင်ထား၏။

မြင့်နွယ်ကို မြင်သောအခါ ဦးဘသက်က လှမ်းပြော၏။

"ငါထင်သားပဲ၊ အောင်ဘတော့ နိုးမှာမဟုတ်သေးဘူး၊ မြင့်နွယ်ပဲ ပါလာမှာလို့၊ ကဲ . . . မြင့်နွယ်ရေ ကား စက်နှိုးလို့မရလို့တဲ့၊ လိုက်ကြည့်ပေးလိုက်စမ်းပါ"

ဦးဘသက်က စက်ဘီးတစ်စီးနှင့် ရပ်နေသူဘက် မေးငေါ့ညွှန်ပြ၏။

မြင့်နွယ်က အရေးပေါ် ခရီးဆောင် တူးလ်ဘောက်စ် ခေါ်ကိရိယာသေတ္တာလေးကို ဝင်ယူပြီး စက်ဘီးနှင့်လူအနီး ရပ်၏။

ထိုသူက မကျေနပ်ဟန်ဖြင့် မေးသည်။

" ဒီကလေး ထည့်ပေးလိုက်မလို့လား "

" ကျုပ်ဆီက အကူအညီတောင်းတာ မဟုတ်လား၊ ကျုပ်စိတ်ချရလို့ ထည့်ပေးတာ "

ထိုသူက စက်ဘီးကို တွန်းကာ လမ်းမသို့ ထွက်၏။

လမ်းပေါ်အရောက်တွင် စက်ဘီးဘားတန်းပေါ်၌ မြင့်နွယ်က ထိုင်သည်။ ထိုသူက စက်ဘီးကို ခွထောက်ပေးထားရာမှ စတင်နင်းသည်။

ကန်ကြီးထောင့်ဘက်ပြေးသော လမ်းမကြီးပေါ် အရောက်၌ ထိုသူက ဆိုသည်။

" ဦးဘသက်ဆိုတဲ့လူက ဘုသမားပါလား "

" ကျွန်တော်တို့ဆရာက ပြတ်တယ်၊ ဒါပေမယ့် ဒီမြို့မှာ သူ့မီတဲ့လူ တစ်ယောက်မှ မရှိဘူး "

" ဒါပေမယ့် လာခေါ်တာ ဘာလို့ သူကိုယ်တိုင် လိုက်မကြည့်ရတာလဲ "

" ဒါတော့ဗျာ လာခေါ်တိုင်း ကိုယ်တိုင် ဘယ်လိုက်နိုင်မလဲ၊ ဒီလိုပဲ တပည့် ထည့်ပေးရတာပဲ၊ နောက် . . . လိုအပ်ရင် သူကိုယ်တိုင် လိုက်ပါတယ် "

" တခြားက လာခေါ်ရင်တော့ ဟုတ်တာပေါ့၊ အခုဟာက အရေးပိုင်က ခေါ်ခိုင်းတာ "

မြင့်နွယ်၏ရင်မှာ မသိမသာ ခုန်သွားသည်။ အရေးပိုင် စင်သီယာတို့အဖေ။

မြင့်နွယ်သည် ပြုံးလည်း ပြုံးမိသွား၏။

လာခေါ်သူ၏စကားက အရေးပိုင်ကခေါ်လျှင် မည်သူမဆို ထလိုက်လာရမည့်သဘော ပါဝင်နေသည်။ လွတ်လပ်ရေးလှုပ်ရှားမှု၌ ပါဝင်နေသူ သူ့ဆရာ ဦးဘသက်ကား ဗျူရိုကရက်ဟု ခေါ်သော အရာရှိများကို ဂရုစိုက်သူမဟုတ်။

စကားပြောင်းရန် မြင့်နွယ်က မေး၏။

" ခင်ဗျားက အရေးပိုင်အိမ်ကလား "

" ဟုတ်တယ် ငါက အရေးပိုင်ကားမောင်းတယ်"

" ကားက ဘာဖြစ်လို့လဲ "

" စက်နှိုးလို့ မရတာ "

" ဟုတ်တယ်လေ မီးပတ်လမ်းကြောင့်လား၊ စက်ကြောင့်လား၊ ခင်ဗျား ဆီပျောက်မီးပျောက်လောက်တော့ နားလည်မှာပေါ့၊ နှိုက်ကြည့်ပြီးပြီ မဟုတ်လား "

" ပြီးပြီ မရလို့လာခေါ်တာပေါ့၊ ဒါထက် မင်းကော နားလည်လို့လား "

" ကြည့်သေးတာပေါ့လေ "

မြို့အရှေ့ဘက်အစွန်၌ အရာရှိများ၏ အိမ်ကြီးများ ရှိသည်။

အစွန်ဆုံးရှိ ပျဉ်အုပ်ကြွပ်မိုးနှင့် တိုက်ဝါကြီးတစ်ခု၏ ခြံတွင်းသို့ မြင့်နွယ်တို့ ရောက်လာကြသည်။

အရေးပိုင်၏ ဒရိုင်ဘာက မြင့်နွယ်ကို ဖွင့်ထားသော ကားရုံရှေ့တွင် ထားခဲ့ပြီး အိမ်ကြီးဆီသို့ ထွက်သွား၏။

တူးလ်ဘောက်စ်ကလေးကို မြေမှာချပြီးပြီမို့ မြင့်နွယ်က ကုပ်ကုပ်လေးရပ်နေ၏။ အကျႌလက်တိုလေး တစ်ထပ်တည်းသာဝတ်ထားသောကြောင့် ချမ်းနေသည်။

နှင်းတွေက ကျတုန်း။ ကျတုန်းဆိုသည်ထက် မြေမှာဝပ်နေရာမှ ထပျံ့ဆဲ ဆိုက ပိုမှန်ပေလိမ့်မည်။ ဖြူဖြူဖွေးသောရေငွေ့ပမာ နှင်းမြူတို့သည် ဝါးတစ်ရိုက်ခန့်ထက် ပိုမမြင်သာအောင် ဆိုင်းဆို့နေကြသည်။

ဩော် . . . ခုချိန်ဆိုလျှင် စင်သီယာတစ်ယောက် အိမ်ကြီးပေါ်၌ နွေးထွေးသောစက်ရာမှာ ကွေးဆဲရှိမည်။ ကွေးပါစေ၊ ခုအနေမျိုးနှင့် စင်သီယာကို မတွေ့ချင်ပါ။ တစ်နေ့တစ်ချိန် တခြားတစ်နေရာရာမှာတော့ အင်း . . . တွေ့ချင်ပါသည်။

မြင့်နွယ်သည် အမှတ်မပြုမိမိ ဝမ်းနည်းပမ်းနည်း ပြုံးမိသွားသည်။

တစ်နေ့တစ်ချိန် တခြားတစ်နေရာရာမှာ တွေ့တော့ကော ဘာလုပ်ရမည်နည်း။ မိမိနှင့် စင်သီယာက ဘာဆိုင်၍နည်း။

ကိုရင် ဆက်ဝတ်နေလျှင် အနည်းဆုံး ဘုန်းကြီးသေးသေးလေးအဖြစ် ဒကာမသေးသေးလေးကို ဆုံတွေ့ပြီး တရားဓမ္မ ဟောကြားဆုံးမရသေးရဲ့။ ယခုတော့ ဘာဆိုင်သနည်း။

မြင့်နွယ်သည် မိမိပေါ် စီးမိုးနေသော အိမ်ကြီးကို မော့၍ ငေးကြည့်နေမိသည်။

မြင့်နွယ် ဆုတောင်းမပြည့်။ မြင့်နွယ် ငေးကြည့်နေစဉ် အိမ်ကြီး၏ အောက်ထပ်မှ စင်သီယာ ပြေးထွက်လာသည်။

ဩော် . . . ယခုက အသွင်တစ်မျိုး။

ဘောင်းဘီတို အဖြူလေးကို ဝတ်ထားသည်။ ဘောင်းဘီတိုဖြစ်၍ ဝါဝင်းသော ခြေသလုံးလေးများကို သာမက ပြည့်ဝန်းလှပသော ပေါင်တံလေးတို့ကိုပင် တစ်ပိုင်းတစ်စ မြင်ရသည်။

ခြေတွင် ခြေအိတ်ဖြူနှင့် ကင်းဗတ်စ် ဖိနပ်ဖြူတို့ကို ဝတ်ထားသည်။ ကိုယ်အထက်ပိုင်းမှာတော့ ကြက်သွေးရောင်ရဲရဲဆွယ်တာလက်တိုလေးကို ဝတ်ထား၏။

စင်သီယာသည် အိမ်ကြီးရှေ့ ခြံဝင်းတွင်းရှိ ကတ္တရာလမ်းပေါ်တွင် ရပ်လိုက်၏။ လက်တွင်းမှာက လက်ကိုင်တပ်ထားသော ကြိုးခွေကို ကိုင်ထား၏။

ကတ္တရာလမ်းပေါ်တွင် စင်သီယာက ကြိုးခုန်သည်။

ကြိုးပတ်က သွက်သည်။ ကြိုးခုန်က ကျင်လည်သဖြင့် ဖိနပ်ဖြူလေးများကား မြေမှကြွသည်ပင် မထင်ရ။ ညီညီညာညာ ရှေ့တိုးနောက်ငင်သွားနေကြပုံက လှသည်။ ကိုယ်လေးမှာလည်း လေမှာ ပျံနေသည့်အလား ကော့ကော့ကြော့ကြော့ရှိလှသည်။

ဩော် . . . ဆွယ်တာရဲရဲလေး၏ ပန်းဆီမှာ တငြိမ့်ငြိမ့် နှင့်လှုပ်ရှားနေသည့် ဆံပင်လေးများကပင် တင့်တယ်လှ၏။

" ဦးဘသက်ဆိုတဲ့လူက ဘုသမားပါလား "
" ကျွန်တော်တို့ဆရာက ပြတ်တယ်၊ ဒါပေမယ့် ဒီမြို့မှာ သူ့မီတဲ့လူ တစ်ယောက်မှ မရှိဘူး "
" ဒါပေမယ့် လာခေါ်တာ ဘာလို့သူကိုယ်တိုင် လိုက်မကြည့်ရတာလဲ"
" ဒါတော့ဗျာ လာခေါ်တိုင်း ကိုယ်တိုင် ဘယ်လိုက်နိုင်မလဲ၊ ဒီလိုပဲ တပည့်ထည့်ပေးရတာပဲ၊ နောက်...လိုအပ်ရင် သူကိုယ်တိုင် လိုက်ပါတယ်"
" တခြားက လာခေါ်ရင်တော့ ဟုတ်တာပေါ့၊ အခုဟာက အရေးပိုင်က ခေါ်ခိုင်းတာ"

သူ့ကို ဘေးတိုက်လေးပေး၍ ကြိုးခုန်နေရာမှ အတန်ကြာတွင် စင်သီယာက ရပ်လိုက်၏။

မြင့်နွယ်က ကားရုံတွင် ဝင်ပြေးမည်ကြံ၏။ သို့ရာတွင် နောက်ကျသွားပေပြီ။

စင်သီယာက သူ့ဘက်ကိုမှ တည့်တည့်လှည့်လိုက်သည်။

ပထမသော် စင်သီယာသည် မမျှော်လင့်သော ယောကျ်ားလေးတစ်ဦးကို တွေ့လိုက်ရသဖြင့် တုံ့ခနဲ အံ့ဩထိတ်လန့်သွားပုံရသည်။ သို့ရာတွင် ခဏ၌မူ တွန့်ထားသည့် မျက်မှောင်တို့ ဆန့်သွားသည်။ ခဏ စိုက်ကြည့်နေပြီးမှ မျက်နှာလေးသည် ကြည်လင်လာ၏။

ကြိုးကို ခေါက်ခွေကာ ကိုင်လိုက်ပြီး ပေါ့ပါးစွာဖြင့် သူ့အနီးသို့ ရောက်လာ၏။

သူ့ရှေ့တွင် မခို့တရို့ ခါးလေးတစ်ဖက်ထောက်ရပ်လိုက်ပြီး ပြုံးချိုချိုမျက်နှာပေးနှင့် သရော်တော်တော် နောက်တောက်တောက် ဆို၏။

" ဩော် . . . အလို ကိုယ်တော်ကိုး၊ ဆိုစမ်း ဘာကိတ်လဲ "

မြင့်နွယ်က ပြုမိပြုရာ မြေပေါ်တွင်ချထားသော တူးလ်ဘောက်စ်ကလေးကို လက်ညှိုးထိုးပြ၏။

စင်သီယာက သူပြရာကိုကြည့်ပြီး နားမလည်ဟန်ဖြင့် မေး၏။

" အဲဒါက ဘာလဲ "

" တူးလ်ဘောက်စ် "

" ပြန်ပြောစမ်း "

" တူးလ်ဘောက်စ် "

" အလဲ့ ပီပီသသ ပါလား၊ အောလ်ရိုက် . . . တူးလ်ဘောက်စ်၊ သဲန်း တဲလ်မီ၊ ဝှတ်အာရ်ယူ ဒူးအင်း ဟီးယား"

" ကားပြင်မလို့ "

" အိုး . . . မိုင်ဂေါ့ဒ် ရဲလ်လီး "

" ကိုယ်က ဘာလို့ညာရမှာလဲ "

" ဂွတ်ဒ် . . . ယူ အန်ဒါစတန်း၊ အင်းဂလစ်ရှ် ပလိစ်၊ စပိခ် . . . အင် အင်းဂလစ်ရှ် ပလိစ် "

" ကိုယ်တို့ မြန်မာချင်းပဲ မြန်မာလိုပဲ ပြောကြရအောင် "

" ဟာ . . . ဟ၊ ယူက မျိုးချစ်ပုဂ္ဂိုလ်ကြီးပေါ့ "

" စင်သီယာကော အမျိုးမချစ်ဘူးလား "

စင်သီယာက မျက်နှာလေး မဲ့ပြ၏။

" စင်သီယာက ကိုယ့်ကိုယ်ပဲ ကိုယ်ချစ်တယ်၊ ကဲ . . . ဘာပြောဦးမလဲ "

သည်လိုဆိုပြန်တော့ သူ့မှာ ပြောစရာမရှိ။ ပြောလျှင်လည်း တရားဟောရဦးမည်။ ကိုယ့်လက်ရှိအခြေအနေက တရားဟောရမည့် အခြေအနေမဟုတ်။

သူက နှုတ်ပိတ်ပြီး ငြိမ်ငြိမ်သာ ရပ်နေ၏။

သဘောကျသွားဟန်ဖြင့် စင်သီယာက ရယ်သည်။

" ယူ တကယ် ကားလာပြင်တာ "

" လာခေါ်လို့ ဝပ်ရှော့က ကိုယ့်ကိုထည့်လိုက်တာ"

" ယူက ဝပ်ရှော့မှာ အလုပ်လုပ်သလား "

ခေတ္တသော် သူတွေသွား၏။ ပြီးမှ ခေါင်းညိတ်ပြ၏။

" ယူ ကောင်းကောင်းကော ကားပြင်တတ်သလား"

" ကို တတ်သင့်သလောက် တတ်ပါတယ် "

" ယူ ဘယ်တော့ ပြင်မလဲ "

" လာခေါ်တဲ့လူ အိမ်ထဲဝင်သွားတယ်၊ သူ့ကို စောင့်နေတာ "

" ဒါဖြင့် စင်သီယာ့ကိုလည်း စောင့်နော်၊ ပြန်လာခဲ့မယ် "

စင်သီယာသည် ပေါ့ပါးဖျတ်လတ်စွာဖြင့် အိမ်ဆီသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

အိမ်တွင်းမှ ဒရိုင်ဘာ အရင်ထွက်လာ၏။

" ခဏစောင့်ဦး ဝန်မင်းကိုယ်တိုင် လာလိမ့်မယ် "

မကြာမီ အရပ်ရှည်ရှည် မဟာနဖူးနှင့် လူခန့်ခန့် တစ်ဦး ထွက်လာ၏။ သူ့နောက်ကပ်၍ စင်သီယာလည်း ပါလာသည်။ဘောင်းဘီတိုနှင့်တော့ မဟုတ်။ ခြေသလုံး အထိဖုံးသော အမွေးပွသည့် ဝတ်ရုံအကျႌတစ်မျိုးနှင့်။

"ဟား . . . မက္ကင်းနစ်ကြီးကလည်း ကြီးကြီးမားမားပါလား"

အရေးပိုင်၏ မှတ်ချက်စကားကြောင့် မြင့်နွယ်မှာ အားငယ်သကဲ့သို့ ဖြစ်သွား၏။

(ဆက်လက်ဖော်ပြပါမည်)

Auto®
Electrical & Electronic Products
Automatic Compressor Controller
(ကွန်ပရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)

ရေမော်တာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/Three Phase)
ကွန်ပရက်ဆာအလိုအလျောက်ထိန်းချုပ်မောင်းနှင်စက် (Single/Three Phase)

Global Enchanting Education Centre
Let's Upgrade Your Language Skills
General English
(4 Skills)
"Learn English in a way of Business"
Business English
(Speaking & Writing)
IELTS
- Foundation
- Exam Preparation
- Practice English
March လအတွက်တန်းခွဲသစ်များ လက်ခံနေပါပြီ
Myanmar Language For Foreigners
- Greeting
- Daily Usage
- Useful Expression
- Vocabularies
Placement Test ဖြေရန် စုံစမ်းနိုင်ပါပြီ။ Phone : 09 73127074 , 09 5181316, 01- 2305534
No.709,7th Floor, Bayintnaung Tower (2B), Kamaryut Township, Yangon.

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ဖိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ရန်ကုန်-ပုသိမ် ရထားလမ်းစီမံကိန်းရှိသုံးခွချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါအမှတ်- ၇၉/မမ/(CE) 2012-2013

(က) သုံးခွချောင်းတံတားတွင် 84' -10" PC Girder Bench & Assembly (2-Bed 1-Set)ပြုလုပ်ခြင်း
(ခ) 84' -10" PC Girder (20-Nos)ထုတ်လုပ်ခြင်း
(ဂ) 84' -10" PC Girder (20-Nos) Launching ပြုလုပ်ခြင်း
(ဃ) 5x 85' -6" RC Slab ခင်းခြင်း
(င) လုပ်ငန်းသုံးပစ္စည်းများ သယ်ရွှေ့ တင်/ချခြင်း

တင်ဒါပိတ်မည့်နေ့/အချိန် - ၁၅. ၃. ၂၀၁၃ (သောကြာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၄ . ၃ . ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ဆောက်လုပ်ရေးဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း - 294352,291994

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

ရွှေစစ်ကန်များမှ ရွှေမြေများရောင်းချရန် ဈေးပြိုင်ကြော်ငြာစာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဆီမီးခုံပတ်လည်ရှိ ရွှေမိုက်ကန်များအတွင်းရှိ ရွှေမြေများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ဈေးပြိုင်တင်ဒါ တင်သွင်းလိုသူများသည် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/- ကျပ်တစ်သောင်းနှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ရွှေနှင့်ရတနာဌာန၌ ၁၄-၃-၂၀၁၃ ရက်နှင့် ၁၅-၃-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၃။ ၂၀-၃-၂၀၁၃ရက် မွန်းလွဲ ၁း၀၀ နာရီတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်မည် ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၃၈၃၅၁၁၊ လိုင်းခွဲ-၂၈၂၊ ၀၁-၃၇၅၇၆၇

ဂေါပကအဖွဲ့

MARICO Seafarers Training Centre

1. DMA အသိမှတ်ပြု Pre - sea Engine Course
(သောကြာနေ့တိုင်းသင်တန်းသားစတင်လက်ခံသည်။)

2. DMA အသိမှတ်ပြု Crowd Management Course (C M C)
(Passenger သင်္ဘောတက်မည့်သူများ မရှိမဖြစ်လက်မှတ်)

3. MARLINS English for new seamen

သင်တန်းအားလုံး သင်တန်းသားများ စတင်လက်ခံနေပြီ ခုံနေရာကန့်သတ်ထားသည်။

အမှတ် (၁၄၂), ပထမထပ် ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်။

"သီတဂူတက်လမ်းစကျွဲခါနစေဆေးရုံ(လှိုင်ကော်)အလင်းဒါန ပါဝင်လှူဒါန်းနိုင်"

သီတဂူဆရာတော်ကြီး လမ်းညွှန်မှုဖြင့် ကယားပြည်နယ်၊လွိုင်ကော်မြို့၊ရိုက်ကယ်ရွာ "သီတဂူတက်လမ်း"မျက်စိအထူးကုဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီး များ၏ လုပ်အားဒါနဖြင့် (၁၅.၁၂.၂၀၁၁)မှ(၁၈.၁၀.၂၀၁၂)ရက်နေ့အထိ မျက်စိဝေဒနာ ရှင်ပေါင်း (၂၃၁၀)ဦးကို အခမဲ့ကုသပေးခဲ့ပါသည်။ဆောင်ရွက်မည်ဖြစ်ပါသည့် တောင်ပေါ် တိုင်းရင်းသား မျက်စိဝေဒနာရှင်များအား စဉ်ဆက်မပြတ် အခမဲ့ ကုသပေးနိုင်ရန် ထာဝရဆေးပဒေသာပင်(အလင်းဒါန)ကုသိုလ်ပါဝင် လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

လှူဒါန်းရန်ဌာန။ ဆေးဝေဘဏ် (လွိုင်ကော်) Account No .83-0041
ဦးညွန့်တင်၊ဦးရယ်မိုးငြိမ်း (လွိုင်ကော်)၊ ဖုန်း ၀၈၃-၂၁၃၇၇၀၉-၅၉၄၀၀၂၅၆
ဦးသန့်စင်၊ အမှတ်(၉)ချမ်းသာလမ်းအောင်လံ့ပြန်ရပ်ကွက်၊
ပုဇွန်တောင်စာတိုက်အနီး၊ ဖုန်း-၀၁-၂၀၁၉၄၉၊၀၉-၅၅၀၇၀၄၅။

တိကျ သေချာ၍ မှန်ကန်သော နည်းစနစ် လှပ ဆန်းသစ်၍
နိုင်ငံတကာနှင့်ယှဉ်နိုင်သော ဖန်တီးမှုများ အားလုံးကို
Fashion Designer ညီမြမာသန့်
Dip in Fashion Design
Dip in Pattern Making & Sewing (Bangkok Thailand) မှ
ကိုယ်တိုင် သင်ကြားပို့ချပေးမည်။

၇-၃-၂၀၁၃ ရက်နေ့တွင် သင်တန်းသစ် စတင်ဖွင့်လှစ်ပါမည်

သင်တန်းတည်နေရာ
ဖူးသစ် Tailoring & Fashion Design Training
အမှတ်-(၁၆)၊ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ : 95-01-516563, 532482, 516836

၂၀၁၃-ခုနှစ်၊ ဖေဖော်ဝါရီ(၁၀)မှ ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီ(၃၀)ရက် နေ့အထိသည် တချက်လိုမြွေနှစ်ဖြစ်သည်။ မြွေနှစ်အတွင်း "ဆောင်ရန်၊ ရှောင်ရန်များ"ကို ဟောပြောထားပါသည်။

ဝိဇ္ဇာကောဝိဒ

၂၀၁၃-၂၀၁၄၊ ဗုဒ္ဓဟူးရွှေဟောကိန်း

ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်၊ ခွေး၊ ဝက်

ထွက်ပြီ

သီရိခိုင်းမွန်း
Air -con Services
Ph-09 73206026 , 09 420131374

ပျောက်ဆုံးနေသော စာမူအတွက်ဆက်သွယ်ပေးပါရန်

စာရေးဆရာဖန်ဖော်တင်အောင် ရေးသားခဲ့သည့်ညပေါင်းတစ်ထောင် စာမူအားလက်ခံသိမ်းဆည်းထားသူများရှိပါက ဖိသားစုသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း- ၀၉ -၅၁၇၀၁၁၃၊ ၀၉ -၅၁၅၉၈၉၃

ဇာမဏီ Physiotherapy Clinic

အရိုး၊ အကြော၊ အဆစ် အထူးကုဆေးခန်း

အထူးကုဆရာဝန်ကြီးများနှင့် အကြောကျွမ်းကျင်များမှ အမိုက်ရိုပေါင်း၊ အကြောညပ်ခြင်း၊ ဒူးနာ၊ ခါးနာ၊ ခြေလက်ထုံကျင်ခြင်း၊ ပုခုံးတပ်ခြင်း၊ ဖနောင့်နာခြင်း၊ လေဖြတ်နာရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် ဦးနှောက်အာရုံကြောရောဂါများကို ခေတ်မီစက်ကိရိယာများဖြင့် ကုသပေးနေပါသည်။

နေ့စဉ် - နံနက်(၁၀)မှ ည(၈)နာရီအထိ

အမှတ်(၁၁၀)၊ လမ်း(၅၀) (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၃၉၇၈၅၂ ၊ ၀၉ ၈၆၂၀၇၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၇၈၇)အရ မြေအကျယ်အဝန်း ပေ(၄၀×၆၀)၊ မြေဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၈၇)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွန့်တင်[၁၂/သကတ(နိုင်)၀၇၅၄၇၀]အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်
တရားလွှတ်တော်ရှေ့နေ
(စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆၊ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

ကယားပြည်နယ်အတွင်းရှိ လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်များ အတွက် လေလံလုပ်ကိုင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်းရှိ လမ်း-တံတားအသုံးပြုခကောက်ခံလျက်ရှိသော အောက်ဖော်ပြပါ လမ်း-တံတားဂိတ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ လမ်း-တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း လိုင်စင်(၁၂)လ လုပ်ကိုင်ခွင့်အား နိုင်ငံသားလုပ်ငန်းရှင်များသို့ မဲစနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်-

(က) လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့် ရောင်းချမည့်ဂိတ်စခန်းများ
(၁) နွားလဝိုးဂိတ် လွိုင်ကော်မြို့နယ် ပင်လောင်း-လွိုင်ကော်လမ်းပိုင်း
(၂) ထူးချောင်းတံတားဂိတ် ဘောလခဲမြို့နယ် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း
(ခ) လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့် ရွေးချယ်မည့်နေ့ရက်/အချိန်
၁၅-၃-၂၀၁၃ရက် နံနက် ၁၀နာရီ
(ဂ) လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့် ရွေးချယ်မည့်နေရာ
ကယားပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဧည့်ရိပ်သာ

၂။ လေလံလုပ်ကိုင်ခွင့်လျှောက်လွှာ၊ လေလံစည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စည်းကမ်းများအား အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ၄-၃-၂၀၁၃ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၁၄-၃-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၈၃-၂၁၄၉၄သို့ ဆက်သွယ်၍သော်လည်းကောင်း၊ အင်ဂျင်နီယာမှူးကြီးရုံးနှင့် ခရိုင်အင်ဂျင်နီယာမှူးရုံးများသို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်၍သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လမ်း-တံတားအသုံးပြုခလေလံလုပ်ကိုင်ခွင့်ပေးအပ်ရန် ကြီးကြပ်ရေးအဖွဲ့
ကယားပြည်နယ်-လွိုင်ကော်မြို့

ဂျူလီယာ
ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းသားများခေါ်ယူခြင်း

စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက် ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ စကတ်ဒီဇိုင်းအမျိုးမျိုး၊ ဂါဝန်၊ ဘောင်းဘီနှင့် ကုတ်အင်္ကျီအပါအဝင် အမျိုးပေါင်း ၂၀ ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

တန်းခွဲ - (A) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး နံနက် (၇း၀၀- ၉း၀၀)
- (B) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး နံနက် (၁၀း၀၀-၁၂း၀၀)
- (C) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး မွန်းလွဲ (၁း၀၀-၃း၀၀)
- (D) အင်္ဂါ-ဗုဒ္ဓဟူး-ကြာသပတေး ညနေ (၄း၀၀-၆း၀၀)
- (E) သောကြာ-စနေ-တနင်္ဂနွေ နံနက် (၇း၀၀-၉း၀၀)
- (F) သောကြာ-စနေ-တနင်္ဂနွေ နံနက် (၁၀း၀၀-၁၂း၀၀)
- (G) သောကြာ-စနေ-တနင်္ဂနွေ မွန်းလွဲ (၁း၀၀-၃း၀၀)
- (H) သောကြာ-စနေ-တနင်္ဂနွေ ညနေ (၄း၀၀-၆း၀၀)

ဧပြီလ(၂)ရက် စတင်ဖွင့်လှစ်မည်။
တစ်ပတ်(၃)ရက်၊ (၂)လပြတ်၊ လူဦးရေကန့်သတ်ထားသည်။
လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံ ယူဆောင်လာ၍ အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၈၇၆၇

ဗန်းမော်အသင်း(ရန်ကုန်)

(၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ကျောက်စိမ်းတွင်း၊ ဓမ္မာရုံကြီးတွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် ဗန်းမော်ခရိုင်သူ/ခရိုင်သားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။)

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများကိုယ်တိုင် တက်ရောက်အပူဇော်ခံပါရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၁၁/၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းသူ/သားတို့၏ သားသမီးများ အမည်စာရင်းကို အမှတ်စာရင်းနှင့်တကွ ဥက္ကဋ္ဌ ဦးစိန်မောင် ဖုန်း-၀၁-၅၄၃၃၀၄၊ ၀၉-၄၅၀၀၁၁၇၅၅၊ အတွင်းရေးမှူး ဦးတင်မောင်အေး ဖုန်း-၀၉၅၁၆၀၅၅၂၊ အတွင်းရေးမှူး (၁) ဦးမျိုးတင့် ဖုန်း-၀၉-၅၀၀၇၂၇၄၊ ၀၁-၃၉၃၃၆၄၊ အတွင်းရေးမှူး (၂) ဦးခင်မောင်သင်း ဖုန်း-၀၉၅၁၈၇၅၂၃၊ ၀၁-၆၆၂၅၂၈၊ စည်းရုံးရေးမှူး ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၄၇၇၅၊ ၀၁-၅၄၆၃၃၅သို့ ဆက်သွယ်ပေးပို့ရန်နှင့် ဂုဏ်ထူးရ ကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် အခမ်းအနားသို့တက်ရောက်၍ ဆုလက်ခံရယူကြရန်နှင့် အလှူငွေလှူဒါန်းခြင်းမပြုရသေးသူများသည်လည်း အထက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

Golden Orbit Int'l Travels
Travels & Tours
ဘန်ကောက် - အယုဒ္ဓယ - ပဋ္ဌာရား 5N6D – 670$
ဘန်ကောက် - ဖူးခက် 4N5D – 980$
စင်ကာပူ - မလေးရှား 7N8D – 1250$
ချင်းမိုင် - ချင်းရိုင် - ရွှေတြိဂံ 3N4D – 580$
ကမ္ဘောဒီးယား - ဗီယက်နမ် 6N7D – 1150$
01 - 51 51 38, 01- 530 910, 09 731 48112
(29 –A) မိုင်ဂွေ့ဝါလမ်းတို၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
Air Ticket, Visa, D-form, Car Rental, Hotel

◆ ဖောက်ပြန်နေသည့် ခေတ်စနစ်ကို ရဲရဲရင့်ရင့် ဖွင့်ချပေးဝံ့သုံးသပ်ထားသဖြင့် စာပေလောကအကြိုးစုံ၏ အရေးယူပိတ်ပင်ခြင်း ခံခဲ့ရသည့် ဝတ္ထု။
◆ ယခုနောက်ပိုင်းခေတ်များတွင်လည်း ဆိုင်းငံ့ခံထားရသော ဝတ္ထု...
နန္ဒာပုလဲ
တက္ကသိုလ်နန္ဒမိတ်
ထွက်ပြီ

ကားရောင်းမည်

Honda Fit (GE6)2008 အဖြူ ၁၃၂ သိန်း
Honda Insight 2009 ပုလဲဖြူ/ခဲရင့် ၁၈၅ သိန်း
လ၊ သ၊ အ ရောင်းလိုသူများ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၁-၄၀၀၇၂၅၊ ၀၉-၅၀၉၇၆၀၂

TOP ☎ : 243363
09 73201786

KTH
အနာကျက်လိမ်းဆေးရည်
TMR 011566(0615)
Ph.298735, 200975,291478, 09-43055309.

ဦးသန်းဝင်း အာသီးယံအင်ဂျင်နီယာ
အင်ဂျင်နီယာမှူးကြီး (ငြိမ်း) Ph : 095070157 ကိုဆက်သွယ်ပါ။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၉၆၆–၆၇ ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့	- ၂၄-၃-၂၀၁၃ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉ နာရီ
ကျင်းပမည့်နေရာ	- Western Park Restaurant (သခင်မြပန်းခြံ)

အထက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ အလှူငွေထည့်ဝင်လိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ကြပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။

(၁) ဦးစိန်အေး-ဒေါ်ယဉ်ယဉ်နု ဖုန်း-၅၀၃၇၇၈
(၂) ဦးဝင်းဇော်လေး ဖုန်း-၂၂၅၁၄၃၊ ၀၉၅၀၆၁၃၅၃
(၃) ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၅၃၀၅၈၅၊ ၅၃၀၂၃၉
(၄) ဦးဇော်ဖေဝင်း ဖုန်း-၃၇၄၄၇၀
(၅) ဦးလှအောင်-ဒေါ်သန်းဆွေ ဖုန်း-၅၅၂၄၂၀၊ ၀၉-၅၀၃၃၇၇၂
(၆) ဦးဝေလှအောင် ဖုန်း-၀၉-၇၃၂၃၇၉၅၆

ဂုဏ်ယူဝမ်းမြောက်ခြင်း

တောင်ငူမြို့၊ အမှတ်(၄)၊ အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃ ခုနှစ် ဒသမတန်း လူရည်ချွန်အဖြစ် အရွေးချယ်ခံရသော မဆုဆုရည်အတွက် အထက(၄) ကျောင်းသား/သူဟောင်းများ (ရန်ကုန်)မှ ဝမ်းမြောက်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

တောင်ငူ၊ အထက(၄)၊ ကျောင်းသား/သူဟောင်းများ(ရန်ကုန်)

Top English အင်္ဂလိပ်စာသင် ဆရာနိုးမြင့်မောင် ၏
PHONETICS, SPEAKING & GRAMMAR
သင်တန်းများ
၁။ Ever Top စာသင်ခန်း ☞ မတ်လ (၅)ရက်စမည်။
(၆၆/၆ဧ)၊ D-5၊ အင်းစိန်လမ်း (ခံရိပ်မြိုင်မှတ်တိုင်/ လှည်းတန်းအနီး)
၂။ Top English စာသင်ခန်း ☞ မတ်လ (၉)ရက်စမည်။
Ph: 09421000784, 0973080234, 098770096, 0973040610

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၀)လမ်း၊ အမှတ်(၆၀၇/ခ)၊ နှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဖေသန်း(BI-022651)ထံမှ တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဒေါ်ခင်သန်းဝင်း[၁၂/ဥကတ(နိုင်)၀၅၅၂၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပတ်သက်သက်ဆိုင်သူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် အ-၂၄[အမည်ပေါက်သူ- ဦးရီဝင်း(MMO-၂၆၃၆၆၂)]၊ မြေကွက်အမှတ် အ-၂၅ (အမည်ပေါက်သူ ဦးအုန်းမြင့်[၁၂/သလန(နိုင်)၀၄၁၀၆၂])၊ မြေကွက်အမှတ်(အ-၂၆) (အမည်ပေါက်သူ ဦးသောင်းရွှေ[၁၂/သလန(နိုင်)၀၃၄၇၂၅])တို့ထံမှ အဆင့်ဆင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်လေး[၁၂/စခန(နိုင်)၀၂၂၉၉၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသော ဒေါ်ခင်မြင့်မြင့်[၁၂/စခန(နိုင်)၀၂၃၈၂၅]ထံမှ အဆိုပါ မြေကွက်(၃)ကွက်အား ဦးမောင်မောင်အေး[၁၂/အစန(နိုင်)၀၁၀၇၂၅]-ဒေါ်စန္ဒာခင်[၁၂/လမန(နိုင်)၀၁၁၉၆၇]တို့က ဝယ်ယူရန် စရန်ငွေ ပေးအပ်ပြီးဖြစ်ရာ ဤမြေကွက်(၃)ကွက်နှင့်ပတ်သက်၍ ပတ်သက်သက်ဆိုင်သူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်
ဖုန်း-၀၉-၅၁၈၁၈၂၀

ဧလေယာဉ်လက်မှတ် ကိုလံဘတ်(စ်)
Happy 2013 Promotion
ယခုမှစ၍ မတ်လ(၃၀)ရက်နေ့ထိဝယ်ယူနိုင်ပါပြီ။
ရန်ကုန်-ဘန်ကောက် (အသွားအပြန်) US$ 131++
• ဟောင်ကောင် US$ 296++
• ကိုရီးယား US$ 428++
• ဂျပန် US$ 540++
Columbus TRAVELS & TOURS ☎ 229245, 216245, 378535, 378549
columbuspromotion@gmail.com
Columbus Travels (SAKURA) ရုံးခွဲပြောင်းရွှေ့ခြင်း
အမှတ် ၆၉/၇၁၊ ဆူးလေဘုရားလမ်း၊ AGD Bank ဘေး၊ ကျောက်တံတားမြို့နယ်။
Ph: 378535, 378549, columbus02@baganmail.net.mm

မော်လမြိုင်အသင်း(ရန်ကုန်)

နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

မော်လမြိုင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ ဖုန်း-၀၁-၃၇၅၇၂၃တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အသက်(၈၀)ပြည့် အပူဇော်ခံပုဂ္ဂိုလ်များနှင့် ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်နိုင်ရန် ဒေါ်ခင်နွယ် ဖုန်း-၀၁-၆၅၀၀၉၁ နှင့် မော်လမြိုင်အသင်း (ရန်ကုန်)ဖုန်း-၀၁-၃၇၅၇၂၃သို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်အမည်စာရင်းပေးသွင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

Asian University for Women (AUW) အတွက် လျှောက်လွှာခေါ်ယူခြင်း

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) နှင့် Asia Foundation တို့၏ ပူးပေါင်းအစီအစဉ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့၊ Asian University for Women (http://www.asian-university.org/)တွင် ပညာသင်ယူပြီး B.A (သို့) B.Sc ဘွဲ့များကို ရယူနိုင်ရန် (၄-၅)နှစ်တာ ကာလပတ်လုံး ပညာသင်စရိတ် အပြည့်အဝထောက်ပံ့ပေးမည်ဖြစ်ပါ၍ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်။

(၁) အခြေခံပညာတက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး အင်္ဂလိပ်စာနှင့် သင်္ချာ ပျမ်းမျှအမှတ် အနည်းဆုံး (၆၀)မှတ်ရှိရမည်။
(၂) အသက် (၁၈)နှစ်မှ (၂၀)နှစ်ကြားရှိပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

လျှောက်ထားသူများမှ လူတွေ့စစ်ဆေးမှုခံယူပြီး သတ်မှတ်စံနှုန်း၊ စည်းကမ်းချက်များနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ပြီး ပညာသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။

ကိုယ်ရေးအချက်အလက်၊ ရပ်ကွက်ထောက်ခံစာနှင့် မိဘ/အုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့် လျှောက်လွှာကို (၇)ရက်အတွင်း နောက်ဆုံးထား၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အမှတ်-၂၈၈/၂၉၀၊ MWEA Tower၊ အခန်းအမှတ်(၄၀၁)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-254400, 254433, 389380, Email.mwea 2008@gmail.com သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

